# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၅၆)၊ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ၂၅–၁၁–၂၀၂၄၊ တနင်္လာနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပညာရေးဆိုင်ရာ အမျိုးသားရေးလုပ်ငန်းစဉ်ကြီးတွင် နိုင်ငံသားအားလုံးက အမျိုးသားရေးစိတ်ဓာတ်ဖြင့် တက်ညီလက်ညီပူးပေါင်းပါဝင်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၄ ခုနှစ်၊ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

ချစ်ကြည်လေးစားရပါသော မြန်မာပြည်သူ၊ပြည်သားအပေါင်းတို့ ခင်ဗျား

ယနေ့ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်၊ ခရစ်နှစ် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ (၂၅)ရက်တွင်ကျရောက်သည့် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့မင်္ဂလာအခါသမယ၌ မြန်မာနိုင်ငံသူ နိုင်ငံသားများ၊ တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ၍ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

စာမျက်နှာ ၃ သို့ ☆

## ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ဆက်လက်ကျင်းပ အုပ်စု(အေနှင့်ဘီ)မှ ကျောက်စိမ်းအတွဲပေါင်း ၁၈၂၃ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၄**

၂၀၂၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲအမှတ်(၁၇၀၁)မှ (၂၅၅၉) အထိ ကျောက်စိမ်းအတွဲများကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးရာ ကျောက်စိမ်းအတွဲပေါင်း ၅၉၅ တွဲ ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

စာမျက်နှာ ၄ သို့ ◌



ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုစဉ်။

**တိမ် အသင့်အတင့် ဖြစ်ထွန်းမည်**

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက် ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

**(၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုပါ၏။**

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက်၊ တနင်္လာနေ့။

# (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့သည် မြန်မာတစ်မျိုးသားလုံး၏ နှစ် ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဖြစ်သည်။ အမျိုးသားနေ့ဖြစ်ပေါ်လာပုံကို ပြန်ပြောင်းတွေးကြည့်လျှင် အင်္ဂလိပ်တို့သည် ၁၈၆၆ ခုနှစ်တွင် ပညာရေးဌာနကို ဖွင့်လှစ်ပြီး ပညာသင်ကြားရေးလုပ်ငန်းများကို စတင်ခဲ့သည်။ အင်္ဂလိပ်တို့ ပေးသော ကိုလိုနီပညာရေး၏ ဦးတည်ချက်မှာ အင်္ဂလိပ်စာပေနှင့် အနောက်တိုင်းယဉ်ကျေးမှုတို့ကို အထင်ကြီးသော ခေတ်ပညာတတ်လူတန်းစားတစ်ရပ် မွေးထုတ်ရန်ပင် ဖြစ်ပေသည်။

အင်္ဂလိပ်တို့သည် ၁၈၇၈ ခုနှစ်တွင် ကာလကတ္တား တက္ကသိုလ်လက်အောက်ခံ ရန်ကုန်ကောလိပ်ကို ဖွင့်၍ ကောလိပ်ပညာရေးကို သင်ကြားပေးသည်။ မြန်မာနိုင်ငံတွင် တက္ကသိုလ်ဟူ၍ မရှိသေးပါ။ တက္ကသိုလ်တစ်ခု သီးခြားရှိသင့်သည်ဟု ၁၉၀၀ ပြည့်နှစ်မတိုင်မီကတည်းက မြန်မာတို့က တောင်းဆိုကြသည်။ အင်္ဂလိပ်တို့က လက်မခံခဲ့ပါ။ ၁၉၂၀ ပြည့်နှစ်သို့ ရောက်မှ အင်္ဂလိပ်တို့သည် တက္ကသိုလ်အက်ဥပဒေကြမ်းတစ်ခု ရေးဆွဲပြီး ဩဂုတ်လတွင် ကျင်းပသော ဥပဒေပြုကောင်စီသို့ တင်ပြဆွေးနွေးခဲ့သည်။ ထိုဥပဒေကြမ်းအရ မြန်မာနိုင်ငံတွင် တက္ကသိုလ်တစ်ခုတည်းသာ ရှိရမည်။ ထိုတက္ကသိုလ်လက်အောက်တွင်လည်း ကောလိပ်ကျောင်း တစ်ကျောင်းသာရှိရမည်။ ထိုတစ်ကျောင်းတည်းသော ကောလိပ်သည်လည်း ရန်ကုန်မြို့၌သာရှိရမည်။ ထိုဥပဒေကို မြန်မာများက ကန့်ကွက်ကြသည်။ ဥပဒေကို အားလုံးက ကန့်ကွက်နေသည့်ကြားမှ ဥပဒေပြုကောင်စီက အတည်ပြု ပြဋ္ဌာန်းခဲ့သည်။ ဒီဇင်ဘာ ၇ ရက်တွင် ရန်ကုန်တက္ကသိုလ်ဖွင့်လှစ်ရန် ကြေညာခဲ့သည်။

ဒီဇင်ဘာ ၇ ရက်တွင် စတင်သပိတ်မှောက်ရန်သတ်မှတ်ထားသော်လည်း ဒီဇင်ဘာ ၅ ရက်တွင် ကျောင်းသားများကို ကျောင်းအုပ်ဆရာကြီးက ဆုံးမစကားပြောကြားလိမ့်မည်ဟူသော သတင်းကြောင့် ဒီဇင်ဘာ ၅ ရက်မှာ စတင်သပိတ်မှောက်ခဲ့ကြသည်။ ဤသို့ဖြင့် ပထမကျောင်းသားသပိတ်သည် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်တွင် စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

၁၉၂၁ ခုနှစ် အောက်တိုဘာလတွင် မန္တလေးမြို့၌ ကျင်းပသော နဝမအကြိမ်မြောက် ကွန်ဖရင့်ကြီးက အမျိုးသားနေ့သတ်မှတ်ရေးကို ဆွေးနွေးခဲ့ကြသည်။ တချို့က ဦးဥတ္တမ ထောင်ကျသောနေ့၊ တချို့က သီပေါမင်းပါတော်မူသောနေ့ စသည်ဖြင့် အမျိုးမျိုး အကြံပေးကြသည်။ နောက်ဆုံးတွင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကျောင်းသားများက စတင်သပိတ်မှောက်သည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် ရွေးချယ်သတ်မှတ်ပေးခဲ့သည်။ ထိုကျောင်းသားများ သပိတ်မှောက်ထွက်လာသောနေ့သာလျှင် ထူးမြတ်မင်္ဂလာရှိသည်။ အောင်ပွဲနေ့အတွက် အသင့်လျော်ဆုံးနေ့ဖြစ်သည်ဟု ဆုံးဖြတ်ကြလေသည်။ နိုးကြားလာသော အမျိုးသားစိတ်ဓာတ်ကြောင့် ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော်၊ ဗမာ့မျိုးချစ်တပ်မတော်တို့ ပေါ်ပေါက်လာကာ မြန်မာနိုင်ငံသည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်လာခဲ့သည်။

၂၀၂၄ ခုနှစ်၊ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များမှာ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာပြည့်ဝသော ပညာတတ်များ ပေါ်များရေး၊ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှုမြှင့်တင်ဆောင်ရွက်ရေးတို့ဖြစ်သည်။

သို့ဖြစ်ရာ ၂၀၂၄ ခုနှစ်၊ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဆောင်ပုဒ်ဖြစ်သည့် ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံးညီညွတ်စို့ဖြစ်သည်။ ထို့ကြောင့် အမျိုးသားနေ့ရောက်တိုင်း ရှေးကဘိုးဘွားမြန်မာများ၏ ဂုဏ်ကျေးဇူးကို အောက်မေ့ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။



## မန္တလေး နန်းရှေ့စာပေတင်းကုပ်တွင် စာအုပ်လှူဒါန်းပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၄**

မန္တလေး နန်းတော်ရှေ့စာပေတင်းကုပ်တွင် အလှူရှင်များက စာအုပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီက မန္တလေး နန်းရှေ့စာပေတင်းကုပ်တွင် ကျင်းပသည်။

ရှေးဦးစွာ ဆရာအောင်တင်ဝင်း (ငါ့သရောက်)နှင့် ဆရာမြင့်သိန်း(ပညာရေး)တို့က စာအုပ်လှူဒါန်းမှုအတွက် မုဒိတာစကားများ ပြောကြားကြသည်။

ထို့နောက် စာအုပ်အလှူရှင်များဖြစ်ကြသည့် ဆရာဘုန်းဇော်မိုး(ဥဿာ)က "လမ်းရတုစာစေနှင့် သုခုမဝတ်ရည်ရသ၊ ကဗျာ၊ ဝတ္ထုတိုများ စာအုပ် ခုနစ်အုပ်ကို မန္တလေးမြို့ အလင်းရောင်စာကြည့်တိုက်သို့ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ခံ ဆရာမြင့်သိန်း(ပညာရေး)က လက်ခံရယူသည်။

ဆက်လက်၍ ပုသိမ်ကြီးမြို့နယ် မြို့မစာကြည့်တိုက်အသင်း ဥက္ကဋ္ဌ ဦးလှရွှေက ဘဒ္ဒန္တဝိသုတ (ယမိုက်ပဋ္ဌာန်း အထူးသင်တန်းနည်းပြ)ရေးသားသည့် "ဗုဒ္ဓါနုဿတိ ဘာဝနာပွားနည်း" စာအုပ် အတွဲ ၁ မှ ၉ အထိ စာအုပ် ၉ အုပ်ကို ဘာဝနာနည်းဆာ ဓမ္မရိပ်သာ ရိပ်ကျန်းမာရေးနှင့် စိတ်ကျန်းမာရေး စင်တာ စာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကိုယ်စား စာပေတင်းကုပ်မှ ဆရာအောင်တင်ဝင်း(ငါ့သရောက်)က လက်ခံရယူသည်။ စာအုပ်များအား သက်ဆိုင်ရာ စာကြည့်တိုက်သို့ ပေးပို့လှူဒါန်း သွားမည်ဟု သိရသည်။

(အပေါ်ပုံ)

ဆက်လက်၍ ဆရာမခင်ခင်ဝင်း(ပညာရေး)က စာအုပ်လှူဒါန်းပွဲသို့ တက်ရောက်လာသူများအား ၂၀၂၅ ခုနှစ် ပြက္ခဒိန်များအား နှစ်သစ်လက်ဆောင်အဖြစ် လက်ဆောင်ပေးသည်။

ထို့နောက် ဆရာစိုးဝင်း(ဆ·သ·ရ)က ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## မန္တလေးမြို့အတွင်း အချက်အချာကျသည့် နေရာများတွင် သာယာလှပရေးစီမံချက်အရ မြေယာရှုခင်း ပုံဖော်ထားရှိ

**မန္တလေး နိုဝင်ဘာ ၂၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ မန္တလေးမြို့အတွင်း အချက်အချာကျသည့်နေရာများတွင် သာယာလှပရေးစီမံချက်အရ မြေယာရှုခင်း ပုံဖော်ထားရှိကြောင်း သိရသည်။



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ မန္တလေးမြို့အတွင်း အချက်အချာကျသည့်နေရာများတွင် မြေယာရှုခင်းများအကောင်အထည်ဖော်လျက်ရှိရာ ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် လမ်း ၃၀ မီးပွိုင့်တွင် တြိဂံပုံစံမြေယာရှုခင်းကို နိုဝင်ဘာ ၁၈ ရက်နေ့မှ စတင်အကောင်အထည်ဖော်ခဲ့ရာ နိုဝင်ဘာ ၂၃ ရက်နေ့ ပြီးစီးခဲ့သည်။

ယင်းမြေယာရှုခင်းပန်းခုံများမှာ တောင်ဘက်တွင် ၃၆ ပေ × ၅၆ ပေ၊ ၄၂ ပေရှိပြီး မြောက်ဘက်တွင် ၃၂ ပေ × ၄၈ ပေ အရွယ်ရှိသည်။ ပန်းခုံများကို ပုံစံတူဆောင်ရွက်ထားပြီး ဂျပန်မြက်၊ မုန်တိုင်ပင်၊ ဆွမ်းမွှေးကြား၊ ဇလပ်ပု၊ နိုင်ငံခြားပန်းကညွတ်များဖြင့် မြေယာရှုခင်းအလှဆင်ထားကြောင်း ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ ဌာနခွဲမှူး ဒေါ်ခိုင်ခိုင်လွင်က ပြောသည်။

မန္တလေးမြို့အတွင်း အချက်အချာကျသည့် လမ်းဆုံလမ်းခွ၊ မီးပွိုင့်များနှင့် ကျုံးဘေးတစ်လျှောက် မြို့ဝင်၊ မြို့ထွက်လမ်းများတွင် မြေယာရှုခင်းအလှဆင်ခြင်းနှင့် ပန်းဥယျာဉ်များ ပုံဖော်စိုက်ပျိုးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်-၂)

## စာဖတ်ရှုမြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ရေနံချောင်း နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ စာဖတ်ရှုမြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့က အ·ထ·က(လည်ပေါ်)ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမိအောင်က လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အ·ထ·က(လည်ပေါ်)ကျောင်းမှ Grade-10 နှင့် Grade-11 တို့မှ ကျောင်းသား၊ ကျောင်းသူ ၆ ဦးက လူငယ်နှင့် ယဉ်ကျေးမှုတန်ဖိုး၊ လူငယ်နှင့် ကြီးပွားရေး၊ လူငယ်နှင့် စာဖတ်ခြင်းအကျိုးကျေးဇူး၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေးခေါင်းစဉ်များဖြင့် အသီးသီးပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

**( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )**

☆ ရှေ့ဖုံးမှ

ဤသမိုင်းဝင် နေ့ထူးနေ့မြတ်သည် ကိုလိုနီနယ်ချဲ့တို့၏ ကျူးကျော်အုပ်စိုးမှုကို သက်ဆိုးရှည်စေမည့် ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်တော်လှန်ခဲ့သောနေ့၊ မြန်မာတစ်မျိုးသားလုံး၏ မျိုးချစ်စိတ်နှင့် ဇာတိမာန် ရှင်သန်တက်ကြွလာစေရန် သန္နေတည်ပေးခဲ့သောနေ့တို့ ဖြစ်ခြင်းကြောင့် မြန်မာပြည်သူ ပြည်သားအားလုံး မမေ့အပ်သည့်နေ့ ဖြစ်ပါသည်။

ကိုလိုနီနယ်ချဲ့တို့သည် ၎င်းတို့၏ အကျိုးစီးပွားအတွက် နိုင်ငံတော်၏ အဖိုးတန်သယံဇာတများကို ထုတ်ယူသုံးစွဲပြီး မတရားဖိနှိပ်အုပ်ချုပ်ခဲ့ကြသည့်အပြင် မြန်မာတိုင်းရင်းသားများ အဆင့်မြင့်ပညာ မသင်ကြားနိုင်အောင်၊ ခေတ်နှင့်အညီ ရင်ပေါင်တန်းမလိုက်နိုင်အောင် နည်းအမျိုးမျိုးဖြင့် ပိတ်ပင်တားဆီးမှုများ ပြုလုပ်ခဲ့ကြပါသည်။ မြန်မာတိုင်းရင်းသားပြည်သူများက မြန်မာနိုင်ငံတွင် တက္ကသိုလ်တစ်ခု ဖွင့်လှစ်ခွင့်ရရှိရေးအတွက် အကြိမ်ကြိမ်တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသဖြင့် ကိုလိုနီနယ်ချဲ့တို့က ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ (၁) ရက်နေ့တွင် တက္ကသိုလ်အက်ဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပါသည်။

ဤအက်ဥပဒေသည် မြန်မာလူငယ်များ တက္ကသိုလ်ပညာ ဆက်လက်သင်ယူခွင့် မရနိုင်အောင် အမျိုးမျိုးကန့်သတ်ချုပ်ချယ်ထားသည့်အတွက် မျိုးချစ်စိတ်ပြင်းထန်သည့် ကိုဘရှင်၊ ကိုဖိုးကွန်း၊ ကိုဖေသိန်းတို့ပါဝင်သည့် ကျောင်းသားကြီး (၁၁)ဦးက ဦးဆောင်ကာ ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြပါသည်။ ဤလှုပ်ရှားမှုသည် မြန်မာနိုင်ငံကို ကိုလိုနီနယ်ချဲ့တို့ သိမ်းပိုက်လိုက်သည့်အချိန်မှစ၍ တိုင်းတစ်ပါးသားလူမျိုးခြားလက်အောက်မှ ပြန်လည်လွတ်မြောက်ရေးအတွက် မြန်မာတစ်မျိုးသားလုံးကို ဝံသာနုရက္ခိတစိတ်ဓာတ် နိုးကြားတက်ကြွလာအောင် လှုံ့ဆော်နိုးဆွပေးခဲ့သည်။ နိုင်ငံနှင့်ပြည်သူလူထုအား သူ့ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံလိုစိတ်များ ပေါက်ဖွားရင့်ကျက်လာအောင်လည်း ဖန်တီးလှုံ့ဆော်ပေးခဲ့သည်။

မြန်မာတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် မျိုးချစ်စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှုသည် စွမ်းအားဖြစ်ကြောင်း သက်သေပြကမ္ပည်းစိုက်ထူနိုင်ခဲ့သော အမျိုးသားအောင်ပွဲနေ့ အခမ်းအနားများကို ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံး၌ နှစ်စဉ်မပျက် သိုက်မြိုက်စွာ ကျင်းပခဲ့ရာ ယခုဆိုလျှင် (၁၀၄) နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့ ခင်ဗျား**

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံအတွင်းရှိ ပြည်သူများ၏ လူမှုဘဝမြင့်မားရေး၊ ပြည်ထောင်စုတစ်ဝန်း အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ငြိမ်းချမ်းရေးသည် အခြေခံအုတ်မြစ်တစ်ခုဖြစ်ပါသည်။ တိုင်းရင်းသားများအချင်းချင်း အပြန်အလှန်လေးစားခြင်း၊ နားလည်စာနာခြင်းတို့ဖြင့် တစ်ဦးနှင့်တစ်ဦးအကြား ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ပေါ်စေပြီး နားလည်မှုလွဲမှားခြင်းနှင့် ပဋိပက္ခမှုများကို ပျော့ပျောင်းချက်ကာ တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဖြေရှင်းနိုင်ပါသည်။ ယုံကြည်မှုအပေါ် အခြေခံသော ဆက်ဆံရေးသည် စိန်ခေါ်မှုများစွာကို အတူတကွဖြေရှင်းနိုင်ပြီး အဆုံး၌ ပိုမိုသဟဇာတရှိသော အတူတကွ ယှဉ်တွဲနေထိုင်ရေးကို ဦးတည်စေကာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးဖြစ်ထွန်းစေပါသည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းဘဲ လက်နက်ကိုင်၍ ဖြေရှင်းနေမည်ဆိုပါက လွတ်လပ်သော်လည်း မငြိမ်းချမ်းသည့် အခြေအနေကိုသာ ပေါ်ပေါက်စေမည်ဖြစ်ပါသည်။ ထို့အပြင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် အန္တရာယ်ဖြစ်စေမည်ကို သတိထားကြရန် လိုအပ်မည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပြီး နှစ်ဖက်ဆွေးနွေးချက်များမှ ရရှိလာသည့် သဘောထားမှတ်ချက်များကို နောင်လာမည့် လွှတ်တော်အစည်းအဝေးများတွင် ဆွေးနွေးအတည်ပြုနိုင်ရန် မှတ်တမ်းတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယခုအချိန်သည် တိုင်းရင်းသားညီအစ်ကို မောင်နှမများအချင်းချင်း ယုံမှားသံသယကင်းရှင်းပြီး မလိုလားအပ်သည့် အယူဝါဒများ ပယ်ဖျောက်ကာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ယုံကြည်လေးစားချစ်ခင်မှုများဖြင့် ပါဝင်လက်တွဲ၍ ထာဝရငြိမ်းချမ်းရေး တည်ဆောက်ကြရမည့်အချိန်အခါ ဖြစ်ပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပေးအပ်ထားသည့် အခွင့်အရေးများကို အသုံးချပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို စည်းလုံးညီညွတ်စွာဖြင့် အကောင်အထည်ဖော်ကြရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော မိဘပြည်သူ၊ တိုင်းရင်းသား ညီအစ်ကို မောင်နှမအပေါင်းတို့ ခင်ဗျား**

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားများ၏ ဉာဏစွမ်းရည်ကို ပြုစုပျိုးထောင်ပေးရန် လိုအပ်ပါသည်။ ၎င်းတို့၏ ဉာဏ်ရည်ဉာဏ်သွေး တိုးတက်မှုအတွက် အလေးထားဆောင်ရွက်ခြင်းသည် နိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေပါသည်။ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတို့တွင် ကောင်းမွန်သည့် အထောက်အပံ့ကောင်းများ ရရှိနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အဆင့်မြင့်ပညာရပ်များ တတ်ကျွမ်းပြီး အရည်အချင်းပြည့်မီသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာရေး အားပေးဆောင်ရွက်လျက်ရှိပါသည်။

အခြေခံအားဖြင့် အတန်းပညာရှိမှသာ အသိပညာနှင့် အတတ်ပညာရရန် လွယ်ကူမည်ဖြစ်ပါသည်။ နိုင်ငံတော်က အားကိုးအားထားပြုရသော ဗလငါးတန်ဖွံ့ဖြိုးပြီး ထူးချွန်ထက်မြက်သည့် လူငယ်များ ပေါ်ထွက်လာစေရန် လူတိုင်းပညာသင်ယူနိုင်မည့် ဘက်စုံပညာရေးစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပညာတတ်လူငယ်များကလည်း စိတ်ကောင်းစေတနာဖြင့် လူမှန်နေရာမှန် တာဝန်ထမ်းဆောင်မည်ဆိုပါက နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ အသိပညာနှင့် အတတ်ပညာ ဟန်ချက်ညီမှုသာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီးတို့တွင် အားသာချက်များ ဖြစ်ပေါ်စေပြီး ပြည်တွင်းစည်းလုံးညီညွတ်မှုအပေါ် အကျိုးရှိဖြစ်ထွန်းမည် ဖြစ်ပါသည်။

အရည်အသွေးပြည့်ဝပြီး စဉ်းစားတွေးခေါ်မှုအားကောင်းသည့် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးရာတွင် မိဘများနှင့် ဆရာများသည် အခရာဖြစ်ပါသည်။ မိဘများအနေဖြင့် သားသမီးများကို မွေးဖွားသည်မှ လူလားမြောက်သည့်အချိန်ထိ ပညာရေး၊ ကျန်းမာရေး၊ အကျင့်စာရိတ္တ ကောင်းမွန်ရေးနှင့် စည်းကမ်းစနစ်ရှိအောင် သွန်သင်ဆုံးမပေးကြရမည် ဖြစ်ပါသည်။ ဆရာ၊ ဆရာမများအနေဖြင့်လည်း တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြရန်နှင့် ဆရာကောင်းတစ်ဦး ဖြစ်ရမည့်အချက်များနှင့် ကိုက်ညီအောင် ကျင့်ကြံအားထုတ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝသော နိုင်ငံ့အကျိုး ထမ်းသယ်ပိုးမည့် အနာဂတ်နိုင်ငံ့သားကောင်း၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာရေး လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့ ခင်ဗျား**

နိုင်ငံတော်ကို တည်ဆောက်သူများဖြစ်လာကြမည့် ပညာပြည့်ဝနှလုံးလှသူ လူငယ်လူရွယ်များကို လေ့ကျင့်ပျိုးထောင်ပေးကြရန် နိုင်ငံသားတိုင်းတွင်တာဝန်ရှိသည်ဟု ခံယူပြီးအလေးအနက်ထားလုပ်ဆောင်ရန် လိုအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းနေအရွယ် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးနှင့် အနည်းဆုံး KG+9 ပြီးဆုံးသည်အထိ ကျောင်းတက်ရောက်နိုင်ရေးအတွက် အခမဲ့ပညာရေးစနစ်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် ဗလငါးတန်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်မည့် ဘက်စုံပညာရေးစနစ်တို့ကို အကောင်အထည်ဖော်လျက်ရှိပါသည်။ အဆိုပါရည်မှန်းချက်အတိုင်း ရာနှုန်းပြည့်အောင်မြင်နိုင်ရန်အတွက် မိဘပြည်သူများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအားလုံး ပူးပေါင်းပါဝင်ရေးမှာ အရေးကြီးလှပါသည်။

ပညာရေးဆိုင်ရာ အမျိုးသားရေးလုပ်ငန်းစဉ်ကြီးမှာ တစ်ခဏတာဖြင့် ပြီးမြောက်မည်မဟုတ်သည့်အပြင် တစ်ဦးတစ်ယောက်ကောင်းဆောင်ရွက်ရုံမျှဖြင့် အောင်မြင်နိုင်သည့် လုပ်ငန်းမျိုးမဟုတ်ဘဲ နိုင်ငံသားအားလုံးက အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပါဝင်မှသာ ပြီးမြောက်အောင်မြင်မည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်ရာတွင်

စာမျက်နှာ ၄ သို့ ☆

**○ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသူ၊ နိုင်ငံသားများ၏ ဉာဏစွမ်းရည်ကို ပြုစုပျိုးထောင်ပေးရန် လိုအပ်**

**○ ၎င်းတို့၏ ဉာဏ်ရည်ဉာဏ်သွေး တိုးတက်မှုအတွက် အလေးထားဆောင်ရွက်ခြင်းသည် နိုင်ငံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်**

**○ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအပိုင်းတို့တွင် ကောင်းမွန်သည့်အထောက်အပံ့ကောင်းများ ရရှိနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အဆင့်မြင့်ပညာရပ်များ တတ်ကျွမ်းပြီး အရည်အချင်းပြည့်မီသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာရေး အားပေးဆောင်ရွက်လျက်ရှိ**

☆ စာမျက်နှာ ၃ မှ

စိတ်ရှည်သည်းခံ ဇွဲသန်သန်ဖြင့် စွန့်လွှတ်အပင်ပန်းခံကာ ကြိုးစားမှ အောင်မြင်နိုင်မည်ဖြစ်ရာ နိုင်ငံတော်က ဘက်ပေါင်းစုံမှ အားပေးကူညီ ထောက်ပံ့လျက်ရှိသကဲ့သို့ တာဝန်ရှိသူအသီးသီးနှင့် ပြည်သူအားလုံးမှ တက်ညီလက်ညီ ပူးပေါင်းပါဝင်ရန် လိုအပ်ပါသည်။ ထို့ကြောင့် နိုင်ငံ့အနာဂတ်ကောင်းမွန်ရေး မျှော်မှန်းဆောင်ရွက်နေသည့် ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ဆောင်ရွက်နေမှုလုပ်ငန်းများကို အားလုံးက သိရှိနားလည်ပြီး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

**ချစ်ကြည်လေးစားရပါသော မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့ခင်ဗျား**

ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ ပြည်သူပြည်သားများအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းတို့ ဖြစ်ပါသည်။ တိုင်းရင်းသားဒေသများ၌ အကြမ်းဖက်သမားများနှင့် လက်နက်ကိုင်သောင်းကျန်းသူများ၏ လုပ်ဆောင်မှုများကြောင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိခိုက်စေလျက်ရှိပါသည်။ ထို့အပြင် ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားမှု အခွင့်အလမ်းများနှင့် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများဆုံးရှုံး၍ လူမှုစီးပွားဘဝများ ထိခိုက်နစ်နာစေလျက်ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားပြည်သူလူထုအားလုံးက တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြရန် အဓိကလိုအပ်ပါသည်။

စားရေရိက္ခာဖူလုံရေးအတွက်မြန်မာတို့၏ မူလစိုက်ပျိုးမွေးမြူရေးသာမက ခေတ်မီနည်းစနစ်များဖြင့် အစာအာဟာရထုတ်လုပ်ခြင်းများကိုလည်း တီထွင်ဆောင်ရွက်ကြရန် မဖြစ်မနေလိုအပ်ပါသည်။ သမဝါယမအသင်းများဖွဲ့စည်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ထိုမှတစ်ဆင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ တစ်နိုင်ငံလုံး ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးအနေဖြင့် မိမိတို့ဒေသထွက်ကုန်ကြမ်းများနှင့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ အောင်မြင်အောင် အကောင်အထည်ဖော်သွားကြရမည် ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ရာ၌ နိုင်ငံတော်အနေဖြင့်လည်း အရင်းအနှီး၊ နည်းပညာနှင့် အခြားလိုအပ်သည်များကို ထောက်ပံ့အားပေးကူညီလျက်ရှိပါသည်။ ခေတ်အဆက်ဆက်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားနည်းပြီး ပြည်ပသွင်းကုန်များ ပိုမိုများပြားခဲ့သည့်အတွက် နိုင်ငံခြားငွေလိုအပ်ချက်များ ဖြစ်ပေါ်ခဲ့ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်ချိန်တွင် သယံဇာတပစ္စည်းထုတ်လုပ်မှုများကို တတ်နိုင်သမျှထိန်းသိမ်းပြီး ပြည်ပသို့တင်ပို့ခြင်း မပြုလုပ်ဘဲ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှထွက်ရှိသည့် ထွက်ကုန်များကိုသာ ပိုမိုတင်ပို့ခဲ့ပါသည်။ စီးပွားရေးကောင်းမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုဆောင်ရွက်နိုင်မည်ဖြစ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်လျက်ရှိပါသည်။

တိုင်းရင်းသားပြည်သူအားလုံးက စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေးကို အထူးအလေးပေးဆောင်ရွက်ကြစေလိုပါသည်။ အလားတူ ပြည်ပရောင်းတမ်းဝင်သည့် ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားသုံးငွေ လျှော့ချနိုင်ရေးနှင့် ဝင်ငွေပိုမိုရရှိရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ နိုင်ငံ့စီးပွားတိုးတက်မြင့်မားလာမည်ဆိုပါက ပြည်သူတို့၏ လူမှုစီးပွားဘဝများလည်း တိုးတက်လာသကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးမူဝါဒမျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ညီမျှစွာတိုးတက်လာကြမည် ဖြစ်ပါသည်။

**မိဘပြည်သူများနှင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျား**

အမျိုးသားနေ့အောင်ပွဲသည် လွတ်လပ်ရေးရောင်ခြည်ဦး၏အစ၊ အမျိုးသားရေး အရုဏ်ဦးကာလဖြစ်ခဲ့ပြီး အမျိုးသားအောင်ပွဲနေ့ကို အစပျိုးခဲ့သူတို့၏ မြင့်မြတ်ကောင်းမွန်မှုကြောင့် အနှောင်းသေချာခဲ့ခြင်းဖြစ်ပါသည်။ အမျိုးသားအောင်ပွဲနေ့ကြောင့် လွတ်လပ်ရေးပန်းတိုင်ဆီသို့ အရောက်လှမ်းနိုင်သည်အထိ အမျိုးသားရေးစိတ်ဓာတ် မြင့်မားခဲ့ကြသည်ကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ကြရပြီဖြစ်ပါသည်။

ဤသို့ ထူးခြားလေးမြတ်လှသည့် အမျိုးသားအောင်ပွဲနေ့ အခါသမယ၌ **"ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံး ညီညွတ်စို့"** ဆိုသည့် (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအားလုံးက ဘိုးဘွားအမွေအနှစ်ဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းသာယာရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယအရင်းခံပြီး ပြည်ထောင်စုစိတ်ဓာတ်နှင့် တစ်စိတ်တစ်ဝမ်းတည်းသော အမျိုးသားရေးအားမာန်များဖြင့် တက်ကုန်ဖွင့်၍ ဘက်စုံပေါင်းစုပါဝင်ကြပါရန် အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

နိဂုံးချုပ်အားဖြင့် ယခုနှစ် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များဖြစ်သည့် -

- တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများ တည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး၊
- နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာပြည့်ဝသော ပညာတတ်များ ပေါ်များရေး၊
- ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပေးရေး၊
- တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး စသည့်

ဦးတည်ချက်များ အောင်မြင်ရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို ဝိုင်းဝန်းတည်ဆောက်သွားကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**



ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုစဉ်။

☼ ရှေ့ဖုံးမှ

ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာ ကျောက်စိမ်းခန်းမ အပြင်ဘက် သတ်မှတ်နေရာများ အလိုက် ခင်းကျင်းပြသထားသည့် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို ရတနာကုန်သည်များက ကြည့်ရှု စစ်ဆေးနေမှုနှင့် ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်း တင်သွင်းလွှာများ ဖွင့်ဖောက်စစ်ဆေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပြပွဲအဌမနေ့တွင် ရောင်းချမည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲ အမှတ်(၂၅၆၀)မှ (၃၃၀၉)အထိကို ပြည်တွင်း ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။ အဆိုပါ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများ စာရင်းကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိပြီး ပြပွဲတွင် အုပ်စု(အေ၊ ဘီ နှင့် စီ)တို့မှ ကျောက်စိမ်းအတွဲ ပေါင်း ၄၈၀၀ ကို နေ့ရက်အလိုက် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ အုပ်စု(အေနှင့်ဘီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၂၅၅၉ တွဲ အနက်မှ ကျောက်စိမ်းအတွဲပေါင်း ၁၈၂၃ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ရောင်းချနိုင်ခဲ့သည်။

အလားတူ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို MSME လုပ်ငန်းရှင်များအား အားပေးမြှင့်တင်ရန်ရည်ရွယ်၍ ရောင်းချပေးခြင်းဖြစ်ကာ ပြည်တွင်းရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိပြီး ကြမ်းခင်းဈေးကို ကျပ်ငွေဖြင့် သတ်မှတ်ထားကာ ငွေပေးချေရာတွင် ကျပ်ငွေဖြင့်သာ ပေးချေဝယ်ယူရမည်ဖြစ်သည်။ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ပြည်တွင်း ရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျွန်းလှမြို့၌ လူငယ်စကားဝိုင်း ဆွေးနွေးပွဲ ကျင်းပ

**ကျွန်းလှ နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် "ဟိန်း" ကိုယ်ပိုင်အထက်တန်းကျောင်းတို့ပူးပေါင်းပြီး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးစိုးထွန်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးမှူး ဦးဖိုးချိုက ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်လူရွယ်များဖြစ်စေရန်၊ စာပေဖတ်ရှုသည့် အလေ့အကျင့်ရှိစေရန်၊ အချင်းချင်းရင်းနှီးမှုရှိပြီး ရှေ့ထွက်ပြောဆိုတတ်စေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် ကျွန်းလှမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးမှူး ဦးဖိုးချိုက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်ဘဝနေထိုင်မှု၊ လူငယ်နှင့်စည်းကမ်း၊ လူငယ်နှင့်ခေါင်းဆောင်မှု၊ လူငယ်နှင့်ဘာသာတရားကိုင်းရှိုင်းမှု၊ လူငယ်နှင့်ကိုယ်ချင်းစာစိတ် ခေါင်းစဉ်အသီးသီးဖြင့် ဆွေးနွေးကြရာ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အဆိုပါ လူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၅၀ ဦး တက်ရောက်ကြပြီး ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်စာစောင်များ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံများ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာမှတ်သားကြကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**



○ စာမျက်နှာ ၂၄ မှ

အဆိုပါ လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို နေပြည်တော်လေဆိပ်၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးအောင်သော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Iskander Azizov နှင့် ရုရှားနိုင်ငံမှ အလှူရှင်အဖွဲ့အစည်းများ ကိုယ်စား တာဝန်ရှိသူတစ်ဦးတို့က လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီး ဦးစိုးကြည်က လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးဌာနများနှင့် ကုမ္ပဏီများက လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများ စုစုပေါင်းတန်ချိန် ၃၅ တန်ခန့် ပါဝင်ပြီး ရေဘေးသင့်ဒေသများသို့ အမြန်ဆုံးခွဲဝေပို့ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးအောင်သော်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး Mr. Iskander Azizov နှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



ရာဂီမုန်တိုင်းနှင့်ဆက်စပ်ဖြစ်ပွားသော ရေကြီးရေလျှံမှုများကြောင့် ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံကိုယ်စား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးဌာနများနှင့် ကုမ္ပဏီများက လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကျင်းပစဉ်။



ရာဂီမုန်တိုင်းနှင့်ဆက်စပ်ဖြစ်ပွားသော ရေကြီးရေလျှံမှုများကြောင့် ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံကိုယ်စား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးဌာနများနှင့် ကုမ္ပဏီများက လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများ တင်ဆောင်လာသည့် သယ်ယူပို့ဆောင်ရေးလေယာဉ် နေပြည်တော်လေဆိပ်သို့ ရောက်ရှိစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အသည်းအစားထိုးခွဲစိတ်မှု အောင်မြင်စွာခံယူထားသောလူနာများ ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၂၄

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယမန်နေ့နံနက်ပိုင်းတွင် အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်၌ အသည်းအစားထိုးခွဲစိတ်ကုသမှု အောင်မြင်စွာ ဆောင်ရွက်ထားရှိသည့် အသည်းလူနာများနှင့် အသည်းအလှူရှင်များကို ကြည့်ရှုအားပေးစကားပြောကြားကာ အစားအသောက်လက်ဆောင်ခြင်းများ ပေးအပ်သည်။

အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်၌ နိုဝင်ဘာ ၇ ရက်တွင် (၃၆)ကြိမ်မြောက် မိုးကုတ်မြို့နေ ၄၉ နှစ်အရွယ် အသည်းလူနာအမျိုးသားနှင့် အသည်းအလှူရှင် မောင်နှမဝမ်းကွဲတော်စပ်သူ အသက် ၄၃ နှစ်အရွယ် အမျိုးသမီးအတွဲကို လည်းကောင်း၊ နိုဝင်ဘာ ၈ ရက်တွင် (၃၇)ကြိမ်မြောက် အဖြစ် ဟားခါးမြို့နေ အသက် ၆၀ အရွယ် အသည်းလူနာအမျိုးသမီးနှင့် သမီးတော်စပ်သူ အသည်းအလှူရှင် အသက် ၂၅ နှစ်အရွယ် အမျိုးသမီးအတွဲကို လည်းကောင်း အောင်မြင်စွာ ခွဲစိတ်ကုသနိုင်ခဲ့သည်။ ယခုအခါ အဆိုပါအသည်းအလှူရှင်များမှာ ကျန်းမာရေးကောင်းမွန်သဖြင့် ဆေးရုံမှဆင်းခွင့်ရရှိခဲ့ပြီး အသည်းလက်ခံထားရှိသည့် လူနာများသည်လည်း ကျန်းမာရေး တိုးတက်ကောင်းမွန်လျက်ရှိသဖြင့် အသည်းအစားထိုးခွဲစိတ်ကုသမှု ခံယူထားသည့် လူနာများကို နိုဝင်ဘာ ၂၄ ရက်တွင် ဆေးရုံဆင်းခွင့်ပြုပြီးဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန် ခြောက်ထပ်ဆောင် အစည်းအဝေးခန်းမ၌ အသည်းအစားထိုးခွဲစိတ်မှုတွင် ပါဝင်ခဲ့သော လုပ်ငန်းအဖွဲ့များမှ အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ ပုံမှန်ဆောင်ရွက်နေပြီဖြစ်သည့် ကျောက်ကပ်အစားထိုးခွဲစိတ်မှုများတွင် ပါဝင်သည့်တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု၊ အသည်းအစားထိုးခွဲစိတ်ကုသမှုများ စနစ်တကျ ဆက်လက်ဆောင်ရွက်နိုင်ရေး မှာကြားသည်။ ပြည်တွင်း၌ အသည်းအစားထိုးနှင့် ကျောက်ကပ်အစားထိုးခွဲစိတ်မှုများကို ပြုလုပ်ပေးခြင်းအားဖြင့် ရောဂါခံစားနေရသည့် ပြည်သူများနှင့် ၎င်းတို့၏မိသားစုများအနေဖြင့် ပြည်ပသို့သွားရောက်ကုသရမည့် ကုန်ကျစရိတ်များ သက်သာစေခြင်း၊ ပြည်သူ့ဆေးရုံများတွင် ဝန်ဆောင်မှု ပိုမိုတိုးတက်ကောင်းမွန်စေခြင်းနှင့် ပြည်သူတစ်ဦးချင်းစီ စိုက်ထုတ်သုံးစွဲရငွေလျော့ကျစေခြင်းတို့ကြောင့် အရှိန်အဟုန်မပျက် ပုံမှန်ဆက်လက်ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



သတင်းစဉ်

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်ကြော်ငြာစာအမှတ် ၁၉၂/၂၀၂၄
၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်
( ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့**
**သူရဘွဲ့**

| | | |
|---|---|---|
| ၁။ ဗိုလ်မှူးကြီး | ဝဏ္ဏလှိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ ဗိုလ်မှူးကြီး | သက်ထွန်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ ဗိုလ်မှူး | မျိုးကိုကိုထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ ဗိုလ်မှူး | အောင်ဆန်းဦး | ကာကွယ်ရေးဝန်ကြီးဌာန |

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | |
|---|---|---|
| ၁။ ဗိုလ်မှူးချုပ် | မျိုးရွှေ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ ဗိုလ်မှူးချုပ် | တင့်နိုင်ထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ ဗိုလ်မှူးကြီး | ဇော်မင်းထက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ ဗိုလ်မှူးကြီး | ကြည်ရှင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ ဗိုလ်မှူးကြီး | ဆန်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ ဗိုလ်မှူးကြီး | သန့်စင်ဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ ဒုတိယဗိုလ်မှူးကြီး | အောင်ဇော်လင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ ဒုတိယဗိုလ်မှူးကြီး | ဇေယျာထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ ဒုတိယဗိုလ်မှူးကြီး | ကျော်ဇင်ဖြိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ ဒုတိယဗိုလ်မှူးကြီး | သန့်ဇင်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ ဒုတိယဗိုလ်မှူးကြီး | ငြိမ်းချမ်းကို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ ဒုတိယဗိုလ်မှူးကြီး | သူရိန်ကိုကို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ ဒုတိယဗိုလ်မှူးကြီး | သန့်ဇင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄။ ဒုတိယဗိုလ်မှူးကြီး | မိုးစည်သူကြိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅။ ဗိုလ်မှူး | ဇော်ဇော်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ ဗိုလ်မှူး | ထက်မြတ်ထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၇။ ဗိုလ်မှူး | ရဲလင်းထက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၈။ ဗိုလ်မှူး | ဇာနည်ထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၉။ ဗိုလ်မှူး | နိုင်လင်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၀။ ဗိုလ်မှူး | မင်းမင်းဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၁။ ဗိုလ်မှူး | ချမ်းမြေ့ကိုကို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၂။ ဗိုလ်ကြီး | ဇော်ဝင်းထိုက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၃။ ဗိုလ်ကြီး | သက်နိုင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၄။ ၇၄၆၇၄၁ | တပ်ကြပ်ကြီး မြလှိုင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၅။ တတ-၁၃၃၇၆၀ | ဒုတိယတပ်ကြပ် နေသူရဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၆။ ဒေါ်အေးယဉ် | | ကာကွယ်ရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိ ဂုဏ်ထူးဆောင်တံဆိပ်များ**
**ရဲသူရတံဆိပ်**

| | | |
|---|---|---|
| ၁။ ယာယီဒုတိယရဲမှူးကြီး | မင်းသူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ ဒုတိယရဲမှူး | သန့်ဇော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃။ ဒုတိယရဲမှူး | ဖြိုးဖြိုးဆွေ(ခ)မိုးဟိန်းကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄။ ရဲအုပ် | ရဲအောင်ဗိုလ် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅။ ဒုတိယရဲအုပ် | မင်းရဲထက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆။ မ ၂၀၁၆၄ | ဒုတိယမီးသတ်ဦးစီးမှူး ဦးသီဟအောင် | မီးသတ်ဦးစီးဌာန |
| ၇။ မ ၂၉၇၆၃ | မီးသတ်တပ်ကြပ်ကြီး ငြိမ်းချမ်းအောင် | မီးသတ်ဦးစီးဌာန |

**ရဲဗလတံဆိပ်**

| | | |
|---|---|---|
| ၁။ ဒုတိယရဲမှူးကြီး | ကျော်သူရ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ ရဲမှူး | ဇာနည်မောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃။ ရဲမှူး | ချမ်းမြေ့ထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄။ ဗိုလ်ကြီး | မောင်ငွေ (ငြိမ်း) | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ ဒုတိယရဲမှူး | ဖြိုးဝေအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆။ ဒုတိယရဲမှူး | ချစ်ဇော်ဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၇။ ဒုတိယရဲမှူး | တူးကိုကို | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈။ ဒုတိယရဲမှူး | ဝင်းဇော်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၉။ ရဲအုပ် | ရှိန်းသူလွင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၀။ ရဲအုပ် | ကျော်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၁။ ဒုတိယရဲအုပ် | တင်လင်းနိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၂။ ဒုတိယရဲအုပ် | ထွန်းလင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၃။ လ ၁၅၃၅၆၂ | ရဲအရာခံ ကျော်ဆန်းဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၄။ မ ၂၅၂၈၅ | ဒုတိယမီးသတ်ဦးစီးမှူး ဦးမျိုးမင်းထွဋ် | မီးသတ်ဦးစီးဌာန |
| ၁၅။ ဦးရဲထွန်းဦး | ရေယာဉ်အုပ်(၃) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၁၆။ မ ၃၂၁၀၈ | လက်ထောက်မီးသတ်ဦးစီးမှူး ဘရန်ဆိုင်းအောင် | မီးသတ်ဦးစီးဌာန |
| ၁၇။ လ ၂၇၆၄၁၅ | ရဲတပ်ကြပ် အောင်မျိုးသက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၈။ လ ၂၆၃၆၀၈ | ရဲဒုတိယတပ်ကြပ် မျိုးသန့်ကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၉။ လ ၂၇၄၃၄၅ | ရဲဒုတိယတပ်ကြပ် အောင်ဇေဖြိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၀။ လ ၂၇၈၈၁၀ | ရဲဒုတိယတပ်ကြပ် နေနိုင်းဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၁။ လ ၂၈၀၄၈၄ | ရဲဒုတိယတပ်ကြပ် ကျော်ရဲအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၂။ လ ၂၈၁၉၆၄ | ရဲဒုတိယတပ်ကြပ် အောင်မိုးသူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၃။ လ ၂၉၀၀၃၂ | ရဲဒုတိယတပ်ကြပ် မျိုးသန့်ဇင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၄။ မောင်ဇော်ဝင်းမြင့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၅။ မောင်ချစ်ဖူးမောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၆။ ဦးခင်မောင်အေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၇။ မောင်လှိုင်ဝဏ္ဏ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၈။ မောင်ရဲရင့်နိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၉။ မောင်အောင်ဖြိုးဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၀။ မောင်သန်းတင်ဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၁။ မောင်ကျော်ရဲထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၂။ မောင်မင်းစိုးပိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၃။ မောင်သန်းထွန်းအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၄။ ဦးပြည့်စုံထွန်း | | ကယားပြည်နယ် |
| ၃၅။ ဦးညွန့်ခိုင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၆။ ဦးဇော်မင်းထွန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၇။ ဦးကျော်မိုးနိုင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၈။ ဦးမြင့်ထွန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၃၉။ ဦးသက်ဖြိုးပိုင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၀။ ဦးဝင်းခိုင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၁။ ဦးအောင်နိုင်ဝင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၂။ ဦးပြည့်ဖြိုးကျော် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၃။ ဦးမြင့်ရွှေ | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၄။ ဦးအောင်လင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၅။ ဦးမှတ်ကြီး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၆။ ဦးဇော်ဦး | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၇။ ဦးအောင်ကျော်ဇော | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၈။ ဦးပြည့်စုံလင်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၄၉။ ဦးချစ်ကိုကို | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၀။ ဦးယုနေခင် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၁။ ဦးသန်းဇော် | | တနင်္သာရီတိုင်းဒေသကြီး |
| ၅၂။ ဦးကြီးလှ | | တနင်္သာရီတိုင်းဒေသကြီး |
| ၅၃။ ဦးဝင်းငွေ | | မကွေးတိုင်းဒေသကြီး |
| ၅၄။ ဦးအောင်ဘို | | မကွေးတိုင်းဒေသကြီး |
| ၅၅။ ဦးဝင်းဆွေ | | မန္တလေးတိုင်းဒေသကြီး |
| ၅၆။ ဦးအောင်စီစီ | | မန္တလေးတိုင်းဒေသကြီး |
| ၅၇။ ဦးအေးနိုင် | | မန္တလေးတိုင်းဒေသကြီး |
| ၅၈။ ဦးစန်းယု | | မန္တလေးတိုင်းဒေသကြီး |
| ၅၉။ ဦးနိုင်နိုင်ထွန်း | | မန္တလေးတိုင်းဒေသကြီး |
| ၆၀။ ဦးအောင်မြတ်ဦး | | မွန်ပြည်နယ် |
| ၆၁။ ဦးလှမျိုး | | ရန်ကုန်တိုင်းဒေသကြီး |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ




## Madhuri Dixit ကို ၂၀၂၄ခုနှစ် Bhool Bhulaiyaa 3 သရဲကားသစ်နှင့် မြင်တွေ့ရ

ဘောလိဝုဒ်ထိပ်တန်း အနုပညာရှင် မာဒူရီးဒိုင်ဇစ်ကို ၂၀၂၄ ခုနှစ်တွင် ထွက်ရှိလာသည့် အိန္ဒိယ သရဲကား Bhool Bhulaiyaa တွင်မြင်တွေ့ရ၍ ပရိသတ် သဘောကျနှစ်ခြိုက်နေကြသည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါအိန္ဒိယသရဲကား အပိုင်းတစ်နှင့်နှစ်ကိုလည်း ပရိသတ်အားပေးမှုမြင့်မားစွာရရှိထားကာ အပိုင်းသုံးတွင် ကာသိက်အာရန်၊ မာဒူရီးဒိုင်ဇစ်ဗီဒီရား၊ ထရီပသီတို့ အဓိကပါဝင်ထားကြသည်။

အနုပညာအရည်အသွေးပြည့်ဝသည် ထက်ကျော်လွန်သော မာဒူရီးဒိုင်ဇစ်၏ သရုပ်ဆောင်မှုများမှာ ပရိသတ်ရင်ထဲ ထိရောက်ခဲ့ရာမှ သရဲကားသစ်တွင် မာဒူရီးဒိုင်ဇစ်၏ ထူးခြားသော အနုပညာများကို ပရိသတ်မျှော်လင့်နေကြသည်။ **SKY**

## Zhan Lusi ၏ Love's Ambition ရိုက်ကူးရေးအကြောင်းမျှဝေထား

တရုတ်အနုပညာရှင် ကျန်းလူဆီနှင့်အတူ Love Ambition ရိုက်ကူးရေးတွင်ပါဝင်သရုပ်ဆောင်ထားသည့် ဇာတ်ရံတစ်ဦးက ရိုက်ကူးရေးအကြောင်းဝေမျှထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရိုက်ကူးရေးတွင် ဇာတ်ရံတစ်ဦးက ကျန်းလူဆီ၏ ရိုက်ကူးရေးအကြောင်း ပြောကြားထားရာတွင် အတူတကွအဝတ်လဲခန်းသွား၊ မိတ်ကပ်ပြင်ဆင်ပြီး ဟင်းပွဲအစုံနှင့် နေ့လယ်စာစားခဲ့ရာ မိနစ်နှစ်ဆယ်သာနားပြီး ဒါရိုက်တာရော ကျန်းလူဆီပါ ရိုက်ကူးရေးပြန်စခဲ့ကြသည်။

ကျန်းလူဆီမှာ ပိန်သေးပြေပြစ်သော ခန္ဓာကိုယ်နှင့် ဖော်ရွေပြီးနှစ်လိုဖွယ်ကောင်းသော ချိုသာသောအပြုံးနှင့် ဆက်ဆံတတ်၍၊ သွယ်လျသောမေးရိုးကို ပိုင်ဆိုင်ထားကာ၊ မေးရိုးမှကြွက်သားများကို လက်နှင့်နှိပ်ပေးထား၍ ဖြစ်သည်ဟု ပြောပြခဲ့သည်။

ကျန်းလူဆီသည် ရိုက်ကူးရေး အခက်အခဲတွင် အင်္ဂလိပ်စကားပြောများ ကူညီပေးကာ၊ စာသားလေ့ကျင့်ရာတွင်လည်း ဝိုင်းဝန်းပေးပြီး အလုပ်အပေါ်တာဝန်ကျေပွန်၍ အစမ်းလေ့ကျင့်ချိန်တွင်ပင် မျက်ရည်များပြည့်နေသည်ထိ သရုပ်ဆောင်စွမ်းရည်ပြည့်ဝ၍ ထူးချွန်ပြောင်မြောက်သူဖြစ်သည်ဟု ချီးကျူးစကားပြောခဲ့သည်။ **SKY**




## Lisa က Victoria Secret ဖက်ရှင်ရှိုးတွင် ပါဝင်

အာရှအနုပညာရှင် ဘလက်ပင့်ခ်အဖွဲ့ဝင်ဟောင်း လီဆာသည် Victoria Secret Fashion Show တွင် ဖျော်ဖြေရေးအပိုင်း၌ ပါဝင်ခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဖက်ရှင်ရှိုးပွဲတွင် လူတစ်ဦးချင်းစီ၏မတူညီသောကွဲပြားသည့်ပုံစံများနှင့် Diversity ကို ဖော်ဆောင်သည့်အနေနှင့် Plus Size မော်ဒယ်လ်၊ အသက်ကြီးမော်ဒယ်လ်စသည့် မော်ဒယ်လ်ဆိုဒ်စုံ ပါဝင်ခဲ့ကြသည်။

ယင်းရှိုးပွဲကို မော်ဒယ်လ်မိခင်ကြီးဒီဒီဟာဒစ်က ဖွင့်လှစ်ပေးခဲ့ပြီး လီဆာကသီဆိုဖျော်ဖြေပေးခဲ့ကာ အပိတ်တွင် မော်ဒယ်လ်မိခင်ကြီးတိုင်ရာက ပိတ်ပေးခဲ့၍ ပရိသတ်အမြင်တွင် မော်ဒယ်လ်ဆိုက်စုံ၏ အလှအပများကို မြင်တွေ့ခဲ့ကြရသည်။ **SKY**

o-o-o-o-o-o-o



## Jung Kook ၏ Dreamers သီချင်းနှင့် လက်ဝှေ့မယ်က အနိုင်ရရှိခဲ့သည်ဟု ဆို

အိုလံပစ်ရွှေတံဆိပ်ဆုရှင် အီမာနီကပ်ဖ်သည် လက်ဝှေ့မယ်တစ်ဦးဖြစ်ပြီး သူ၏အနိုင်ရရှိမှုအတွက် အင်စတာဂရမ်တွင် ဂျောင်ကု၏ Dreamers Audio ကို အသုံးပြုခဲ့သည်ဟု ရေးသားထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျောင်ကု၏ Dreamers သီချင်းသည် အမြဲတမ်းအသက်ဝင်နေကာ အားကစားသမားများအတွက် အားဆေးတစ်ခုဖြစ်ခဲ့ကာ လက်ဝှေ့မယ်အီမာနီကပ်ဖ်က သူ၏ ရွှေတံဆိပ်ဆုအနိုင်ရရှိခဲ့ခြင်းဖြစ်သည်ဟု ထုတ်ဖော်ဝန်ခံထားသည်။



အဆိုပါသီချင်းကို Hot 100 တွင် Debut ရန် Predict လုပ်ခံရပြီးမှ Fifa ဘက်မှ ဂီတနှင့်အားကစားကို Mis- Categorized လုပ်ခဲ့ခြင်းဖြစ်၍ မေ့မှိန်သွားခြင်းမရှိသော Dreamers ကို ပရိသတ်ရင်ထဲထိဝင်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ အားကစားနှင့်ဂီတ ဆက်နွယ်မှုအကျိုးဆက်ကို လက်ဝှေ့မယ် အီမာနီကပ်ဖ်က လက်တွေ့ပြသနိုင်ခဲ့သဖြင့် ဂျောင်ကုပရိသတ်များ ဂုဏ်ယူနေကြသည်။ **SKY**



## ကယ်လ်စီယမ်ချန်နယ်ခေါ် ပရိုတိန်းတစ်မျိုးက နာတာရှည်အကိုက်အခဲဝေဒနာကို ကုသပေးနိုင်

ဂျီပရိုတိန်းခေါ် မော်လီကျူးအကြောင်းကို ဆွီဒင်နိုင်ငံလင်ကိုပင်းတက္ကသိုလ် ဇီဝဆေးဝါးနှင့် ကုခန်းဆိုင်ရာ သိပ္ပံပညာရပ်များဌာနမှ တွဲဖက်ပါမောက္ခ အန်တိုနီယောစ်ပန်တာဇစ် ဦးဆောင်သောဆေးသိပ္ပံသုတေသီများ စူးစမ်းလေ့လာလျက်ရှိရာမှ မကြာသေးမီက ထူးခြားချက်တစ်ရပ်တွေ့ရှိခဲ့သည်။

ယင်းထူးခြားချက်မှာ ဂျီပရိုတိန်းနှင့်တိုက်ရိုက်ဆက်နွယ်နေသည့် ကယ်လ်စီယမ်ချန်နယ်ခေါ် ပရိုတိန်းတစ်မျိုးက နာတာရှည်အကိုက်အခဲဝေဒနာကို ကုသပေးနိုင်သည်ဆိုသော အချက်ပင်ဖြစ်သည်။

စီအေဗွီ ၂ဒသမ၂ဆေးဝါးတွင် ယင်းပရိုတိန်းပါဝင်ပြီး နာကျင်ကိုက်ခဲမှုများအကြောင်း ဦးနှောက်နှင့်ဆက်သွယ် အသိပေးသည့်ဖြစ်စဉ်ကို ဖြတ်တောက်ပစ်သဖြင့် ဝေဒနာကို ဦးနှောက်ထဲရှိ အာရုံကြောစနစ်က မသိရှိတော့ခြင်းဖြစ်ကြောင်း အန်တိုနီယောစ်ပန်တာဇစ်က ရှင်းလင်းပြောကြားသည်။

အဆိုပါတွေ့ရှိချက်အပေါ်အခြေခံ၍ အနာဂတ်တွင် ပိုမိုအစွမ်းထက်သော နာတာရှည်အကိုက်အခဲပျောက်ဆေးများ ဖော်စပ်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။ **SCI**



## Fifty Fifty အဖွဲ့ဝင်သုံးဦးကို Massive အင်တာတိန်းမင့်မှ စာချုပ် ချုပ်ဆိုထား

ကေပေါ့ပ်မျိုးဆက်သစ်ဂီတအဖွဲ့ ဖစ်ဖတင်းဖစ်ဖတင်း အဖွဲ့ဝင်သုံးဦးကို 10K ၏ လက်အောက်ခွဲ Massive အင်တာတိန်းမင့်က စာချုပ်ချုပ်ဆိုထားသည်ဟု တရားဝင်ကြေညာထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ကေပေါ့ပ်အဖွဲ့ဝင်သုံးဦးဖြစ်သည့် ဆီနာ၊ အာရန်နှင့် ဆီအိုတို့သုံးဦးကို အလုပ်အတူတွဲလုပ်ရန်ဖြစ်ပြီး လက်ရှိမျိုးဆက်သစ်အဖွဲ့များဖြစ်ကြသည့် နယူးဂျင်းစ်၊ လီဆီယာဖိန်း၊ အိုင်ဗီအီးတို့နှင့် အပြိုင်ဖြစ်လာရန် မြေတောင်မြှောက်ပေးမည်ဖြစ်သည်။

ဖစ်ဖတင်းဖစ်ဖတင်းအဖွဲ့ဝင်သုံးဦး၏ ဂီတစွမ်းရည်ကောင်းမွန်မှုပေါ် မူတည်နေ၍ ပရိသတ်များက ကြိုးစားကြရန် မှတ်ချက်ကောင်းများပေး၍ အားပေးထားကြသည်။ **SKY**

## တောင်ပိုင်းမင်းသား Mahesh Babu ၏သမီး ကြော်ငြာရိုက်ကူးနေ

အိန္ဒိယတောင်ပိုင်းမင်းသားကို ဝန်ကြီးချုပ်မင်းသားအဖြစ် လူသိများပြီး မဟေ့ရှ်ဘာဘူမှာ အသက် ၄၉နှစ်ပြည့်ပြီဖြစ်ပြီး၊ သမီးဖြစ်သူမှာ ကြော်ငြာများစတင်ရိုက်ကူးနေပြီဖြစ်သည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

မဟေ့ရှ်ဘာဘူသည် ၂၀၀၁ ခုနှစ်တွင် ဩစတေးလျ၌ ရုပ်ရှင်ရိုက်ကူးရင်း သူနှင့်တွဲနေသည့် မင်းသမီးနမ်ရာတာနှင့် ချစ်သူများဖြစ်ကြကာ ၂၀၀၅ခုနှစ်တွင် လက်ထပ်ခဲ့ပြီး လက်ရှိသားနှင့်သမီး နှစ်ဦးရှိခဲ့သည်။



မဟေ့ရှ်ဘာဘူသည် အနုပညာစွမ်းရည်ပြည့်ဝသူဖြစ်၍ ထွက်ရှိထားသောရုပ်ရှင်တိုင်း အောင်မြင်ခဲ့ပြီး သားသမီးနှစ်ဦးမှာလည်း အနုပညာသွေးပါကာ သမီးစီတာရာက ကြော်ငြာများ လက်ခံရိုက်ကူးနေပြီဖြစ်သည်။ **SKY**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## စိုက်ပျိုးရေးဘွဲ့ရပြီး ရှေ့နေလိုက်ခဲ့သူ ဘရွတ်ခ်ရိုလင်းစ် အမေရိကန်စိုက်ပျိုးရေးဝန်ကြီးအဖြစ် လျာထားခြင်းခံရ




**ဝါရှင်တန် နိုဝင်ဘာ ၂၄**

စိုက်ပျိုးရေးဘွဲ့ရပြီး ရှေ့နေလိုက်ခဲ့သူဘရွတ်ခ်ရိုလင်းစ် အမေရိကန်စိုက်ပျိုးရေးဝန်ကြီးအဖြစ် လျာထားခြင်းခံရကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။

၎င်းသည် ဒေါ်နယ်လ်ထရမ့် ယခင်သမ္မတသက်တမ်းအတွက် အာဏာရစဉ်က အိမ်ဖြူတော် လက်ထောက်အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။

၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲအနိုင်ရသော ဒေါ်နယ်လ်ထရမ့်အနေဖြင့် ၎င်း၏ အစိုးရအဖွဲ့အတွက် ဝန်ကြီးများကို ကြိုတင်လျာထားခဲ့ရာ ရိုလင်းစ်သည် နောက်ဆုံးလျာထားခံရသူ ဖြစ်ကြောင်း သိရသည်။

**Mon**



## ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာကို ဒုတိယသမ္မတ ဆာရာဒူတာတေက ခြိမ်းခြောက်

**မနီလာ နိုဝင်ဘာ ၂၄**

ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာကို ဒုတိယသမ္မတ ဆာရာဒူတာတေက နိုဝင်ဘာ ၂၃ ရက်တွင် အသက်အန္တရာယ်ခြိမ်းခြောက်ပြောဆိုခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဖိလစ်ပိုင်ဒုတိယသမ္မတရုံးတွင် အစိုးရရန်ပုံငွေအလွဲသုံးမှု ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံရပြီးနောက် ဆာရာဒူတာတေက သမ္မတကို ခြိမ်းခြောက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ခြိမ်းခြောက်ပြီးနောက် ဖာဒီနန်မားကို့စ်ဂျူနီယာက ၎င်း၏ ကိုယ်ရံတော်တပ်ဖွဲ့ဝင်အင်အားကို တိုးမြှင့်ထားကြောင်း သိရသည်။

**Mon**

## ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်ကျူးကျော်ရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား အိမ်အလုံးရေ ၁၀၀၀ ခန့် မီးသင့်

**မနီလာ နိုဝင်ဘာ ၂၄**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော် ကျူးကျော်ရပ်ကွက်၌ နိုဝင်ဘာ ၂၄ ရက်က မီးလောင်မှုဖြစ်ပွားရာ လူနေအိမ်အလုံးရေ ၁၀၀၀ ခန့် မီးသင့်ဆုံးရှုံးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။



မနီလာမြို့တော်မီးသတ်ဌာနက မီးလောင်မှုဖြစ်ပွားသောနေရာသို့ မီးသတ်ကား ၃၆ စီး၊ မီးသတ်မော်တော်ဘုတ် ၄ စင်းနှင့် ရဟတ်ယာဉ် ၂ စင်းစေလွှတ်ကာ မီးငြိမ်းသတ်စေခဲ့သည်။

ကျူးကျော်ရပ်ကွက်တွင် နေအိမ်များကို အလွန်နီးကပ်စွာ ဆောက်လုပ်ထားသဖြင့် မီးကူးစက်လွယ်ပြီး မီးငြိမ်းရန် ခဲခဲယဉ်းယဉ်းငြိမ်းသတ်ခဲ့ရကြောင်း မီးသတ်တပ်ဖွဲ့ဝင်များက ထုတ်ဖော်ပြောကြားသည်။

ယင်းမီးလောင်မှုကြောင့် အဆိုပါရပ်ကွက်ရှိ မိသားစုပေါင်း ၂၀၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်သွားသဖြင့် သက်ဆိုင်ရာက ၎င်းတို့ကို ယာယီခိုလှုံရေးစခန်းတွင် လတ်တလောနေရာချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**Mon**


0-0-0-0-0

## ဝန်ကြီးချုပ်ဟောင်း လီဆိန်လောင်း၏ တရုတ်ခရီးစဉ်၌ သမ္မတရှီကျင့်ဖျင်နှင့်တွေ့ဆုံရန် စီစဉ်ထားသည်ဟု ဆို

**စင်ကာပူ နိုဝင်ဘာ ၂၄**

စင်ကာပူဝန်ကြီးချုပ်ဟောင်း လီဆိန်လောင်း၏ တရုတ်ခရီးစဉ်၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံရန် စီစဉ်ထားသည်ဟု စင်ကာပူဝန်ကြီးချုပ်ရုံးက သတင်းထုတ်ပြန်ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

တရုတ်အခြေစိုက် ဆူကျိုးစက်မှုဥယျာဉ် နှစ် ၃၀ ပြည့် အထိမ်းအမှတ်အခမ်းအနား တက်ရောက်ရန် နိုဝင်ဘာ ၂၄ ရက်တွင် ၎င်းတရုတ်နိုင်ငံသို့ ထွက်ခွာမည်ဟုဆိုသည်။



နိုဝင်ဘာ ၂၉ ရက်အထိ လည်ပတ်မည့် တရုတ်ခရီးစဉ်တွင် ဝန်ကြီးချုပ်ဟောင်း လီဆိန်လောင်းအနေဖြင့် တရုတ်ဒုတိယဝန်ကြီးချုပ် ဟဲလီဖန်းနှင့် ဦးစွာတွေ့ဆုံမည်။

နေ့လယ်စာစားသုံးရင်း ၎င်းတို့နှစ်ဦး စင်ကာပူ-တရုတ်နှစ်နိုင်ငံချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးကြမည်ဟု စင်ကာပူဝန်ကြီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အဆိုပါနှစ်နိုင်ငံအကြား မကြာသေးမီက ကုန်သွယ်ရေး စီးပွားရေးအပါအဝင် အပြန်အလှန်သဘောတူစာချုပ် ၂၅ ခုချုပ်ဆိုထားကြောင်း သိရသည်။ **Mon**

## ချေးငွေဒေါ်လာ ၃၃၃ သန်းရရှိမည် ဖြစ်သော်လည်း သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးနာလန်ထူမလာသေး

**ကိုလံဘို နိုဝင်ဘာ ၂၄**

အိုင်အမ်အက်ဖ်ခေါ် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ထံမှ ချေးငွေအမေရိကန်ဒေါ်လာ ၃၃၃ သန်းရရှိမည်ဖြစ်သော်လည်း သီရိလင်္ကာနိုင်ငံ၏ စီးပွားရေး နာလန်ထူမလာသေးသဖြင့် စိတ်အေးရဦးမည်မဟုတ်ဟု ဘဏ္ဍာရေးနှင့် စီးပွားရေး ကျွမ်းကျင်သူများက သတိပေးကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မူလကအတည်ပြုထားသော ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံချေးငွေထုတ်ပေးမည့် အစီအစဉ်၏ ပထမအဆင့်ဖြစ်သော ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံထဲမှ ၃၃၃ သန်းကို ထုတ်ပေးသွားမည်ဟု နိုဝင်ဘာ ၂၃ ရက်က အတည်ပြုကြေညာခဲ့သည်။

၂၀၂၂ ခုနှစ်က သီရိလင်္ကာ ဗဟိုဘဏ်တွင် နိုင်ငံခြားအရန်ငွေ လုံးဝပြတ်တောက်သွားသဖြင့် ပြည်ပမှ စားနပ်ရိက္ခာ၊ လောင်စာဆီနှင့် ဆေးဝါးများဝယ်ယူတင်သွင်းနိုင်ခြင်းမရှိတော့ဘဲ တစ်နိုင်ငံလုံးအခက်ကြုံကာ ဆူပူအုံကြွခဲ့ကြသည်။

ယခုအခါ အမျိုးသားစီးပွားရေးတည်ငြိမ်နေပြီဖြစ်သော်လည်း ပြည်တွင်းဈေးကွက်ကောင်းစွာလည်ပတ်ခြင်း မရှိသေးဟု အိုင်အမ်အက်ဖ်အဖွဲ့အစည်း၏ အကြီးတန်းလုပ်ငန်းစီမံချက်အကြီးအကဲ ပီတာဘရူဝါက ထောက်ပြကြောင်း သိရသည်။

**Mon**

0-0-0-0-0






## အစ္စရေးက ဂါဇာမြောက်ပိုင်းဒေသကို တိုက်ခိုက်စဉ် ဟားမတ်စ်တို့ဖမ်းထားသည့် အမျိုးသမီးသုံ့ပန်း သေဆုံး

**ဂျေရုဆလင် နိုဝင်ဘာ ၂၄**

နိုဝင်ဘာ ၂၃ ရက်တွင် အစ္စရေးက ဂါဇာမြောက်ပိုင်းဒေသကို တိုက်ခိုက်စဉ် ဟားမတ်စ်တို့ဖမ်းထားသည့်အမျိုးသမီး သုံ့ပန်းသေဆုံးသွားသည်ဟု ဟားမတ်စ်ဘက်က အတည်ပြုကြေညာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဟားမတ်စ်လက်အောက်ခံ ကွပ်ဆင်မ်တပ်ဖွဲ့ပြောခွင့်ရသူ အဘူအိုဘိုင်ဒါက ထိုအမျိုးသမီး သုံ့ပန်းသေဆုံးသွားပြီဟု ထုတ်ဖော်ပြောကြားသော်လည်း အသေးစိတ်အချက်အလက်ကို မဖော်ပြခဲ့သဖြင့် အစ္စရေးဘက်က အတည်မပြုနိုင်ကြောင်း ငြင်းဆိုခဲ့သည်။

အခြားသုံ့ပန်းအမျိုးသမီးတစ်ဦးလည်း အလားတူအစ္စရေးဘက်မှ ပစ်ခတ်သော လက်နက်ထိမှန်ပြီး သေဆုံးခဲ့ရဖူးကြောင်း အဘူအိုဘိုင်ဒါက ထည့်သွင်းပြောကြားသည်။

ဟားမတ်စ်ဘက်က ပြောကြားချက်များ ဟုတ်မှန်ခြင်း ရှိ၊ မရှိ အတည်ပြုနိုင်ရန် အစ္စရေးဘက်က စုံစမ်းထောက်လှမ်းနေဆဲဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

ရေကြီးမှုဖြစ်ပွားပြီးနောက် ရေဘေးသင့်ကလေးသူငယ်များအတွက် ကျောင်းများစီစဉ်မပေးသဖြင့် နိုဝင်ဘာ ၂၃ ရက်က စပိန်နိုင်ငံ ဗလင်စီယာမြို့တွင် လူပေါင်းထောင်နှင့်ချီ စုဝေးကာ တောင်းဆိုနေကြစဉ်။

**Mon**




STOP AIDS

## သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေး ဇာတ်တိုက်လေ့ကျင့်

**ကျိုင်းတုံ နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ သဘာဝဘေး အန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့က အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင် ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကျိုင်းတုံမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၁၅၀ ဦးတို့က သဘာဝဘေး အန္တရာယ်များ ကျရောက်လာပါက ကာကွယ်ရမည့်နည်းလမ်းများ၊ သတိဖြင့်ဆောင်ရွက်ရမည့် အချက်များ၊ ဘေးအန္တရာယ်ဆုံးရှုံးနိုင်ခြေနည်းပါးရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဇာတ်တိုက်လေ့ကျင့်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀





## မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြ လေ့ကျင့်ခြင်းများ ဆောင်ရွက်

**မိုင်းခတ် နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ် မီးသတ်ဦးစီးဌာနမှဦးဆောင်၍ လူငယ်ရေးရာလုပ်ရှားဆောင်ရွက်မှုအနေဖြင့် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို ယမန်နေ့ ညနေ ၃ နာရီက အခြေခံပညာအထက်တန်းကျောင်း(မိုင်းခတ်)၌ ပြုလုပ်ဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ မီးဘေးလုံခြုံရေး ဆောင်ရွက်ရာတွင် မိုင်းခတ်မြို့နယ် မီးသတ်ဦးစီးဌာနမှ စခန်းတာဝန်ခံ ဦးစိုင်းဇင်ကိုလတ်က ကျောင်းသား၊ ကျောင်းသူလူငယ်များ မီးဘေးအန္တရာယ် ကြုံတွေ့လာပါက ဆောင်ရွက်ရမည့်အချက်များအကြောင်း အသိပညာပေး ဟောပြောပြီး၊ မီးဘေးလုံခြုံရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသမှုကို မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်းသိရသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၃ ရက်တွင် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Chit Lay Ko Ko” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် စခန်းကြီးကျေးရွာနေ သူရစိုး(ခ)ဆန်းစစ်အား နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## အမှုကွင်းဆက်စစ်ဆေးရာမှ မူးယစ်ဆေးဝါးဖမ်းမိ

**သာစည် နိုဝင်ဘာ ၂၄**

မူးယစ်တပ်ဖွဲ့စု(၅၅)(မိတ္ထီလာမြို့)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် သာစည်မြို့နယ်၊ ကြပ်စခန်းကျေးရွာတွင် အမျိုးသမီးတစ်ဦးအား စိတ်ကြွရူးသွပ်ဆေးပြားများနှင့် နိုဝင်ဘာ ၂၂ ရက် ညနေ ၄ နာရီခွဲက ဖမ်းဆီးရမိသဖြင့် ဥပဒေနှင့်အညီအရေးယူဆောင်ရွက်ထားသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ယင်းမာပင်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အရေးယူခံထားရသူအား အမှုကွင်းဆက်စစ်ဆေးရာမှ ကြပ်စခန်းကျေးရွာနေ ဒေးဒေးမူ ဆိုသူအား မှိုင်းခံစက္ကူဖြင့်ပတ်လျက် အပြာရောင်ကပ်ခွာအိတ်များဖြင့် ထည့်ထားသော WY စာတန်းပါ လိမ္မော်ရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ ၆၀ထုပ်၊ စုစုပေါင်းဆေးပြား ၁၂၀၀၀ ၊ အလေးချိန် (၁ ဒသမ ၀၈)ကီလိုဂရမ်နှင့် ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများအား သုံးစွဲဖြန့်ဖြူးရောင်းချရန် လက်ဝယ်ထားရှိသူ ဒေးဒေးမူ(၃၉နှစ်၊ သာစည်မြို့နယ်)နေသူအား ယင်းမာပင်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အရေးယူထားပြီး အမှုကွင်းဆက်များ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၅၇)**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးနှီးနှောဖလှယ်

**မန္တလေး နိုဝင်ဘာ ၂၄**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်အတွင်း မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်အတွက် အသံချဲ့စက်ဖြင့် အသိပညာပေးနှိုးဆော်ခြင်းကို (စ) ရပ်ကွက် အရန်မီးသတ်စခန်းမှ ဒုတိယတပ်ရင်းမှူး ဦးစန်းလှိုင် နှင့် တပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၃ ရက် ညနေ ၆ နာရီက ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး နှိုးဆော်ရာတွင် နေအိမ်များတွင် မီးချိတ်မီးကပ်၊ မီးသတ်ဆေးဘူး၊ သဲပုံး၊ ရေပုံးများ စသည့် မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ စီစဉ်ဆောင်ရွက်ထားရှိရေး၊ မီးသွေးမီးဖိုဖြင့် ထမင်းဟင်းချက်ပြီးပါက မီးကြွင်းမီးကျန်များအား စနစ်တကျငြိမ်းသတ်ထားရန်၊ မီးလောင်မှု၊ မီးလန့်မှု ဖြစ်ပေါ်ပါက လျင်မြန်စွာ မီးငြိမ်းသတ်နိုင်ရေးနှင့် မီးငြိမ်းသတ်သည့်နည်းလမ်းများ စနစ်တကျရှိရေး စသည့်အချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် အသံချဲ့စက်ယာဉ်ဖြင့် လှည့်လည်နှိုးဆော်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(၀၅၇)**

❖ စာမျက်နှာ ၂၄ မှ

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက ရှမ်းယူနိုက်တက်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲ မတိုင်မီကတည်းက ချန်ပီယံဖြစ်ထားသည့် ရှမ်းယူနိုက်တက်အသင်းသည် ရှုံးပွဲကြုံတွေ့ခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရခဲ့သဖြင့် ထိပ်ဆုံးငါးသင်းစာရင်းဝင်ရန် အခြေအနေကောင်းသွားခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းအတွက် ဂိုးများကို ၂၃ မိနစ်တွင်စောအောင်မျိုးမင်းသိန်း၊ ၅၅ မိနစ်တွင် ဟန်မျိုးဇီ၊ ၅၇ မိနစ်တွင် ဖိုးသောကြာတို့က သွင်းယူပြီး ရှမ်းယူနိုက်တက်အသင်းအတွက် ဂိုးများကို မိနစ် ၆၀ တွင် ကောင်းမင်းထွဋ်နှင့် ၉၀+၃ မိနစ်တွင် မျိုးမင်းခန့်တို့က သွင်းယူခဲ့သည်။

တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ဧရာဝတီယူနိုက်တက်အသင်းကို ကိုးဂိုးပြတ် အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ဂိုးပြတ်နိုင်ပွဲနှင့်အတူ နိုင်ပွဲပြန်လည်ရယူနိုင်ခဲ့ပြီး အနိုင်ဂိုးများကို ၁၁ မိနစ်တွင် ရဲဝင်းအောင်၊ ၃၉၊ ၅၆၊ ၆၉ မိနစ်တွင် လမင်းပြည့်စုံ၊ ၆၄၊ ၆၇ မိနစ်တွင် ကောင်းခန့်ကျော်၊ ၈၄၊ ၈၉ မိနစ်တွင် မင်းသူနှင့် ၈၇ မိနစ်တွင် နိုင်ကိုတို့က သွင်းယူသည်။ စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက Dagon Port အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ၃၂ မိနစ်တွင် နိုင်ကိုကိုက Dagon Port အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း သစ္စာအားမာန်အသင်းအတွက် ၅၃ မိနစ်တွင်စောမင်းခန့်နိုင်က ချေပဂိုးပြန်သွင်းကာ အနိုင်ဂိုးများကို ၇၅ မိနစ်တွင် သန်းထိုက်အောင်နှင့် မိနစ် ၈၀ တွင် ဇင်ဖြိုးပိုင်တို့က သွင်းယူသည်။

ပွဲစဉ် (၂၅) ဒုတိယနေ့ကို နိုဝင်ဘာ ၂၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး စလင်းကွင်း၌ ဟံသာဝတီယူနိုက်တက်နှင့် ရခိုင်ယူနိုက်တက်၊ တောင်ဒဂုံကွင်း၌ မဟာယူနိုက်တက်နှင့် Junior Lions၊ ပဒုမ္မာကွင်း၌ အား/ကာသိပ္ပံနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL**

# ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေဆုရ ဆရာကြည်မင်းဝေ၏ စစ်သူကြီးမဟာမင်းထင်နော်ရထာ

၂၀၂၃ခုနှစ်အတွက် အမျိုးသားစာပေဆုကို ဆရာကြည်မင်းဝေရေးသားသည့် စစ်သူကြီးမဟာမင်းထင်နော်ရထာစာအုပ်(ဖိုးဝ စာပေတိုက်)ဖြင့် ရရှိခဲ့သည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၃ခုနှစ်အတွက် ပထမအကြိမ် ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ရာ နိုဝင်ဘာ ၂၂ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

ဝတ္ထုရှည်ကဏ္ဍတွင် ဆုရရှိသည့် စစ်သူကြီးမဟာမင်းထင်နော်ရထာစာအုပ်ကို ဖိုးဝစာပေတိုက်မှ ပထမဆုံးအကြိမ် ထုတ်ဝေခဲ့သည့် စာအုပ်ဖြစ်သလို ဆရာကြည်မင်းဝေအတွက်လည်း ပထမဆုံးဝတ္ထုရှည် စာအုပ်တစ်အုပ်ဖြစ်သည်။

ဆရာကြည်မင်းဝေ၏ အမည်မှာ ဦးသက်ဝေဖြစ်ပြီး ကလောင်အမည် ကြည်မင်းဝေ၊ ကလောင်ခွဲများ မောင်နန္ဒိယ၊ ကြည်မင်းဝေ(ဆင်ကျွန်း)၊ မင်းလွင်(မန္တလေး)၊ မောင်ချစ်စိတ် ကလောင်ခွဲများဖြင့် စာပေများကို ရေးသားခဲ့သည်။

ဆရာကို ၁၉၆၀ ပြည့်တွင် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ဆင်ကျွန်းကျေးရွာအဘ ဦးအုန်း၊ အမိ ဒေါ်သိန်းကြည်တို့က မွေးဖွားခဲ့သော တတိယသားဖြစ်သည်။ မန္တလေးအနောက်တောင်မြို့နယ်တွင် ၁၉၇၆ ခုနှစ်က ကျင်းပခဲ့သော စာမတတ်သူ ပပျောက်ရေး ဝတ္ထုတိုပြိုင်ပွဲတွင် "ကျောင်းသူကလေး မဖြူ" စာမူကို ရှင်သာမဏေဘဝ မောင်နန္ဒိယ ကလောင်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ပြီး ဒုတိယဆုရကာ မြို့နယ်မဂ္ဂဇင်းတွင် ဖော်ပြခံခဲ့ရသည်။

၁၉၈၃ ခုနှစ် နိုင်ငံပိုင်သတင်းစာများနှင့် မဂ္ဂဇင်းအချို့တွင်လည်း ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုများကို အခါအားလျော်စွာ ရေးသားခဲ့သည်။ ၂၀၀၇ ခုနှစ်မှစတင်ကာ မြို့နယ်မဂ္ဂဇင်းအချို့နှင့် ပုဂ္ဂလိကမဂ္ဂဇင်း နှစ်စောင်တွင် အယ်ဒီတာအဖြစ်ဆောင်ရွက်ရင်း မန္တလေးမြို့အခြေစိုက် "ရတနာပုံသတင်းစာ" တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ဆရာထုတ်ဝေခဲ့သော စာအုပ်များမှာ မိုးသည်းည(ဝတ္ထုတိုပေါင်းချုပ်)နှင့် တိမ်ရိပ်ခိုဘဝများ(ဝတ္ထုတိုပေါင်းချုပ်)တို့ကို ကြည်မင်းဝေ(ဆင်ကျွန်း)ကလောင်ဖြင့် ထုတ်ဝေခဲ့ပြီး စာရေးဆရာမရွှေရင်(မြို့သာ နှင့်တွဲ၍ ဘဝထဲကဝတ္ထုတိုများ)ကို ထုတ်ဝေခဲ့သည်။ ယခု ၂၀၂၃ ခုနှစ်တွင် စစ်သူကြီးမဟာမင်းထင်နော်ရထာ လုံးချင်းဝတ္ထုရှည်ကို ထုတ်ဝေခဲ့ပြီး အမျိုးသားစာပေဆု ရရှိခဲ့ခြင်းဖြစ်သည်။

စစ်သူကြီးမဟာမင်းထင်နော်ရထာ စာအုပ်ဖြစ်လာဖို့ သန္ဓေတည်အစပျိုးခဲ့သည်မှာ ၁၉၉၈ ခုနှစ်ကတည်းက "စံနက်ကျော်" ဇာတ်ကောင်ကို အစပြုခဲ့ပြီး ဆောင်းပါး၊ ဝတ္ထုတိုများ စတင်ရေးသားခဲ့ဖြစ်ရာမှ ဝတ္ထုရှည် ကုန်းဘောင်ခေတ်သမိုင်းကြောင်းကို အခြေပြုလို့ ရေးသားခဲ့ရာ ယခုဖိုးဝစာပေတိုက်မှ ပထမဆုံးထုတ်ဝေသည့် စစ်သူကြီးမဟာမင်းထင်နော်ရထာစာအုပ် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။

ဒီစာအုပ်တွင်ပါဝင်သည့် ဇာတ်ကောင် သူရဲကောင်း စံနက်ကျော်ကို သားအရင်းတစ်ယောက်မွေးဖွားသလို မွေးနေ့ဇာတာဖွဲ့လို့ ဖန်တီးခဲ့သည်။ ကုန်းဘောင်သမိုင်းကို သူရဲကောင်းတို့ ပေါ်ထွန်းခဲ့ကြောင်း အခြေခံကာ စာဖတ်သူကို မြန်မာတို့၏ သတ္တိ၊ ဗျတ္တိ သစ္စာရှိမှုတွေကို ဇာတ်ကောင်စံနက်ကျော်အဖြစ် ဖော်ကျူးထားသည့် ဝတ္ထုဖြစ်သည်။

စာဖတ်သူကို အဓိကပေးချင်တဲ့ ရည်ရွယ်ချက်ကတော့ မေတ္တာ၊ ကရုဏာ၊ ကိုယ်ချင်းစာစိတ်တွေကို ကိန်းအောင်းဖို့၊ ဇာတိသွေး၊ ဇာတိမာန်တွေကို မြင့်မားလာအောင် ရည်ရွယ်ပါသည်။ တိုင်းပြည်ကဆင်းရဲလို့ဖြစ်စေ၊ ခေတ်ကာလ အခြေအနေအရ နိမ့်ပါးနေချိန် ဖြစ်နေစေကာမူ မြန်မာလူမျိုးများသည် လူညံ့များမဟုတ်ကြောင်း မတရားမှုဆိုလျှင် လက်ပိုက်ကြည့်မနေသည့် မြန်မာတို့၏ စိတ်ဓာတ်ကို ပေါ်လွင်အောင် ရေးသားပုံဖော်ထားသည်။ အမျိုး၊ ဘာသာ၊ သာသနာကို ချစ်စေချင်သည်။ လူမျိုးနိမ့်ကျတာက ပြန်လည်ရုန်းထနိုင်ပေမယ့် ဘာသာတရားပါ နိမ့်ပါးသွားလျှင် ပြန်ထဖို့မလွယ်ကူကြောင်းကို သူ့ကျွန်ဘဝရောက်စဉ် သာဓကများဖြင့် လူညံ့တွေမဟုတ်ကြောင်း ဤစာအုပ်တွင် လှစ်ပြခဲ့သည်။

စစ်သူကြီးမဟာမင်းထင်နော်ရထာ ဝတ္ထုကို ရေးဖွဲ့ရာမှာ စာရေးသူက ဇာတ်ကောင်များစွာကို ဖန်တီးထားပါသည်။ ဇာတ်လိုက်ကျော် သူရဲကောင်း စစ်သူကြီးမဟာမင်းထင်နော်ရထာ(စံနက်ကျော်)သည် ပါရမီဖြည့်ဖက် ဇနီးမယားများသော်လည်း အိမ်ထောင်တာဝန်ကို မလစ်ဟင်း ချစ်ချင်းဖြင့်တည်ဆောက်ကာ တစ်ဖက်မှာလည်း ဘုရင့်အမှုတော်ထမ်းပီပီ နယ်ချဲ့အင်္ဂလိပ်ကို ထူးချွန်ပြောင်မြောက်စွာ တွန်းလှန်တိုက်ခိုက်နိုင်စွမ်းရှိသူတစ်ယောက်အဖြစ် ခြယ်မှုန်းရေးဖွဲ့ထားသည်။ အသက်ကြီးရင့်လာသူဖြစ်သော်လည်း ဇာတိသွေး၊ ဇာတိမာန် မျိုးချစ်စိတ်ထက်သန်သူတစ်ယောက်အဖြစ် မင်းထင်နော်ရထာကို ဖန်တီးထားသည်။

ဝတ္ထုတစ်ပုဒ်၏ ဆွဲဆောင်မှုအကောင်းဆုံးအပိုင်းဖြစ်သော ဇာတ်သိမ်းခန်းကိုတော့ ဆရာကြည်မင်းဝေက ရသမြောက်စွာရေးဖွဲ့ပြထားပါတယ်။ ဒီအပိုင်းကို အခါခါပြန်ဖတ်မိတော့ စစ်သူကြီးမဟာမင်းထင်နော်ရထာဝတ္ထုသည် ဇာတ်အိမ်ခိုင်ခိုင်မာမာနဲ့ ရသမြောက်စွာရေးဖွဲ့ထားသည့် ဝတ္ထုရှည်(လုံးချင်းတစ်ပုဒ်)ပင်ဖြစ်သည်။ ရသမြောက်သော ဝတ္ထုရှည်တစ်ပုဒ်ဖြစ်ခြင်းကြောင့် အမျိုးသားစာပေဆုကို ရရှိခဲ့ခြင်းလည်းဖြစ်ပေသည်။

မြန်မာ့သမိုင်းလူနေမှုခေတ်စနစ်များကို နောက်ခံထားပြီး ခိုင်ခံ့သော ဇာတ်အိမ်၊ ဇာတ်လမ်း၊ ဇာတ်ကောင်စရိုက်များနှင့် လှုပ်ရှားသက်ဝင်နေသည့် ဝတ္ထုကြီးတစ်ပုဒ် ကောင်းစွာဖန်တီးဖော်ဆောင်နိုင်ရန် မြန်မာ့သမိုင်းကို ကျွမ်းပြီး မြန်မာမှု မြန်မာ့ဟန်နိုင်နင်း၍ ရှေ့မီနောက်မီလည်းဖြစ် ဖန်တီးမှုစွမ်းအားရေးနိုင်စွမ်းကောင်းသူဖြစ်ရပါမည်။ ဇာတ်ကောင်တို့ကို အမည်ပေးပုံမှစ၍ ခေတ်ကာလနှင့် ကိုက်ညီရန် အရေးကြီးပုံကို သတိထားမိသည်။ ပြောဆိုသော စကားနှင့် ပြောပုံလေသံ ဟန်ပန် ဥပမာပေး၍ စ၍ အံဝင်ခွင်ကျရှိရမည်။ မြန်မာ့ဘုရင့်တပ်မတော် ဖွဲ့စည်းပုံနှင့် တပ်မတော်သားတို့၏ ဓားရေး၊ လှံရေး၊ မြန်မာ့သိုင်း၊ စစ်ချီ၊ စစ်တက်၊ အတိုက်အခိုက်၊ အထိုးအခုတ် အသုံးအနှုန်းများမှအစ ကျွမ်းကျင်ရသည်။ စာရေးသူကိုယ်တိုင် မြန်မာစိတ်ကြီးမား၍ ဇာတိမာန်ထက်သန်သူဖြစ်ရမည်။ ရှေးခေတ် မြန်မာ ဓလေ့၊ မြန်မာစရိုက်၊ ရွာဓလေ့၊ ရွာစရိုက် မြန်မာ့အတွေးအမြင်၊ မြန်မာ့ယဉ်ကျေးမှု ဒေသန္တရဗဟုသုတ ဘုန်းတော်ကြီးသင်ပညာရေး၊ ဘုန်းကြီးကျောင်းသားဘဝ၊ မြန်မာဂီတ၊ မြန်မာစာပေ၊ နန်းတွင်းဓလေ့၊ နန်းတွင်းယဉ်ကျေးမှု၊ တိုင်းရင်းသားပေါင်းစုံပူးပေါင်းပါဝင်သည့် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် ခုခံရေးတိုက်ပွဲများ၊ သူရဲကောင်းတို့၏သဘောထား မဟုတ်မခံ မှန်သောသတ္တိ မျိုးချစ်စိတ်၏ ဂုဏ်ယူမြတ်နိုးဖွယ်ရာများကို သိရှိနားလည်ထားရသည်။ ယင်းသဘောထားများ၊ ဗဟုသုတများကို စာရေးသူ ဆရာကြည်မင်းဝေက စစ်သူကြီးမဟာမင်းထင်နော်ရထာ ဝတ္ထုရှည်ဖြင့် သမိုင်းဖြစ်ရပ်များ၊ အချက်အလက်များ၊ အထောက်အထားများ အမှန်တကယ်ရှိခဲ့သော ဇာတ်ကောင်ဘဝတို့ကို အပြန်အလှန်၊ အထားအသို နေရာကျအောင် ဖန်တီးပေါင်းစပ်ထားသည့် ဝတ္ထုတစ်ပုဒ်ဖြစ်ကြောင်း တက္ကသိုလ်တေဇာလင်း၏ အမှာစာဖြင့် ဂုဏ်ပြုထားကြောင်း တွေ့ရသည်။



စစ်သူကြီးမဟာမင်းထင်နော်ရထာ ဝတ္ထုကို စာမူကြမ်းဖြင့် ၂၀၀၄ ခုနှစ်ကတည်းက ပထမထုတ်ဝေမည့်သူ ကွယ်လွန်သွားခဲ့ပြီး တဝဲလည်လည် ဖြစ်နေရာမှ ၂၀၂၃ ခုနှစ်မှာတော့ ယခုထုတ်ဝေသူ စာရေးဆရာဦးရွှေအိုး ထုတ်ဝေသူ(ဖိုးဝစာပေတိုက်)က စာမူကိုကြည့်၍ စာဖတ်သူတို့အပေါ်ထားသော စာရေးသူဆရာကြည်မင်းဝေစေတနာကို မြင်လိုက်ရသလို ယနေ့ခေတ်လူငယ်တို့ ဖျော်ဖြေရေးစနစ်များ ထွန်းကားများပြားနေသဖြင့် လူငယ်များစာဖတ်ပျင်းနေသည်ကို ဆရာက သိနေ၏။ ထို့ကြောင့် ရာဇဝင်ဝတ္ထုကြီးဖြစ်သော်လည်း ဝတ္ထုထဲက စကားပြောများမှအစ နန်းမှု၊ နန်းဓလေ့ စကားလုံးဝေါဟာရအချို့ကို ဖတ်ရှုသူတို့ မပျင်းရိရလေအောင် နန်းမှု၊ နန်းဓလေ့ အတိအကျမရေးဘဲ ရွှေနန်းတော်သုံးစကားဆိုသည့် နားလည်ရုံမျှသာ ခေတ်မီသွက်လက်စွာ ရေးပြထားသည်။ စာရေးသားခြင်းအတတ်ပညာဟုဆိုရမည့် ဇာတ်ရှိန်အတက်အကျကိုလည်း ထိန်းညှိစိတ်ဝင်စားစေရန် ဇာတ်လမ်းအစ စံနက်ကျော်ဇာတ်ကောင်မှ စစ်သူကြီးမဟာမင်းထင်နော်ရထာဘဝ ရောက်သည်အထိ သူပုန်သူကန်နှိမ်နင်းအောင်မြင်သည်တို့ကို ခုနစ်အပိုင်းအခြားအလိုက်တင်ပြထားပြီး သမိုင်းအချက်အလက်အထောက်အထားများဖြင့်လည်း နယ်ချဲ့ကို သတ္တိကောင်းကောင်း ခွဲနဘဲအပြည့်နှင့် တိုက်ခိုက်ခဲ့သည်များကို တိုက်ပွဲခေါင်းစဉ်များဖြင့် အခြေခံ၍ သမိုင်းထဲ၌ အမှန်တကယ်ရှိခဲ့ဖူးသော မြန်မာပီသသူ မြန်မာစစ်သူကြီးတစ်ဦးအကြောင်းကို မျိုးချစ်စိတ် ဇာတိမာန်ဖြင့် ရေးဖွဲ့ခြယ်မှုန်းထားကြောင်းကို ထုတ်ဝေသူ ဆရာရွှေအိုးက တွေ့ရှိပြီး ယခုစာအုပ်ကို စာပေတိုက်၏ ပထမဆုံးစာအုပ်အဖြစ် ထုတ်ဝေလာခြင်းဖြစ်ပေသည်။



ယခုနှစ် အမျိုးသားစာပေဆု စာရင်းများထုတ်ပြန်ရာတွင် မန္တလေးမြို့မှ ဆရာနှစ်ဦး ပါဝင်လာခဲ့ရာ ယခုဝတ္ထုဖြင့် ဆရာကြည်မင်းဝေ၊ ရသစာတမ်း(အက်ဆေး)ဆုတွင် ဆရာနေမျိုး ရေးသားသည့် မိုဘိုင်းစကုတ် စာအုပ်ဖြင့် (ငါတို့စာပေတိုက်)တို့က ရရှိခဲ့သည်။ ဒီစာရေးသူနှစ်ဦးမှာ မန္တလေးမြို့အခြေစိုက် ရတနာပုံသတင်းစာတွင် အတူတကွ တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် အယ်ဒီတာကြီးများလည်း ဖြစ်ခဲ့ဖူးသည်။

**ရွှေမန်း**



# နိုင်ငံတကာ အားကစား သတင်းများ

## လက်ရှိချန်ပီယံ မန်ချက်စတာစီးတီးအသင်း နှစ်ပေါင်း ၆၉နှစ်အတွင်း အဆိုးရွားဆုံးရှုံးပွဲ ကြုံတွေ့ခဲ့

**မန်ချက်စတာ နိုဝင်ဘာ ၂၄**

လက်ရှိ ပရီးမီးယားလိဂ် ချန်ပီယံ မန်ချက်စတာစီးတီး အသင်းသည် နောက်ဆုံး ၅ပွဲဆက် ရှုံးနိမ့်ခဲ့ပြီးနောက် ချန်ပီယံ အသင်းတစ်သင်းအတွက် နှစ်ပေါင်း ၆၉နှစ်အတွင်း အဆိုးရွားဆုံးရှုံးပွဲ ကြုံတွေ့မှုအဖြစ် မှတ်တမ်းဆိုးတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် မန်ချက်စတာစီးတီးအသင်းသည် အိမ်ကွင်းတွင် စပါးအသင်းအား လေးဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ယခုလို မှတ်တမ်းဆိုးတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်ပြည်တွင်း အမှတ်ပေး ချန်ပီယံအသင်း တစ်သင်းအနေဖြင့် ယခုလို ၅ပွဲအထိ ဆက်တိုက်ရှုံးနိမ့်မှုမှတ်တမ်းသည် ၁၉၅၅ခုနှစ်က ချဲလ်ဆီးအသင်း ဖြစ်ခဲ့ပြီး၊ ယခု ၂၀၂၄ခုနှစ်တွင်မူ မန်ချက်စတာစီးတီးအသင်းက အဆိုပါ စံချိန်ဆိုးအား ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။



မန်ချက်စတာစီးတီးအသင်းသည် နောက်ဆုံး ၅ပွဲအဖြစ် စပါး(လိဂ်ဖလား)၊ ဘုန်းမောက် (ပရီးမီးယားလိဂ်)၊ ဘရိုက်တန် (ပရီးမီးယားလိဂ်)၊ စပါး(ပရီးမီးယားလိဂ်)တို့ ပွဲစဉ်အား ဆက်တိုက်ရှုံးနိမ့်ထားခြင်းဖြစ်သည်။

မန်ချက်စတာစီးတီးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၁၂ပွဲကစားအပြီးတွင် ရမှတ် ၂၃မှတ်ဖြင့် အဆင့်(၂)နေရာတွင် ရပ်တည်ထားသည်။ (အပေါ်ပုံ) (NGB)

## မာရှေးယားနို အင်တာမိုင်ယာမီအသင်းနည်းပြဖြစ်လာဖွယ်ရှိဟု သတင်းများထွက်ပေါ်

**လန်ဒန် နိုဝင်ဘာ ၂၄**

ဘာစီလိုနာအသင်းနှင့် လီဗာပူးအသင်း ကွင်းလယ်ကစားသမားဟောင်း မာရှေးယားနို အင်တာမိုင်ယာမီအသင်း နည်းပြဖြစ်လာဖွယ်ရှိကြောင်း သတင်းများ ထွက်ပေါ်လာခဲ့သည်။

အင်တာမိုင်ယာမီအသင်းသည် နည်းပြမာတီနို ရာထူးမှ နုတ်ထွက်ခဲ့ပြီးနောက် အသင်းနည်းပြသစ်အဖြစ် မာရှေးယားနိုအား ခန့်အပ်ရန် သဘောတူညီမှု ရရှိကြောင်းလည်း သတင်းများ ဖော်ပြခဲ့သည်။

မာရှေးယားနိုသည် လက်ရှိအချိန်တွင် အာဂျင်တီးနား ယူ-၂၀ အသင်းအား ကိုင်တွယ်နေပြီး ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းကြောင့် အင်တာမိုင်ယာမီအသင်းက နည်းပြသစ်အဖြစ်ခန့်အပ်ရန် စီစဉ်လာခြင်းဖြစ်သည်။

ထို့ကြောင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း မာရှေးယားနိုအား အင်တာမိုင်ယာမီအသင်းနည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (အောက်ပုံ) (NGB)



## အာသာမီလိုအား ယူရို ၁၅သန်းရရှိပါက ဂျူဗင်တပ်အသင်း ရောင်းချဖွယ်ရှိ



**တူရင် နိုဝင်ဘာ ၂၄**

ဂျူဗင်တပ်အသင်းသည် ကွင်းလယ်ကစားသမား အာသာမီလိုအတွက် ပြောင်းရွှေ့ကြေး ယူရို ၁၅ သန်း ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် မာဆေးလ်၊ အိုလံပီယာကို့စ်စသည့် ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ဂျူဗင်တပ်အသင်းကလည်း အာသာမီလိုအတွက် ၄င်းတို့ သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်းပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် မာဆေးလ်အသင်းနှင့် အိုလံပီယာကို့စ်အသင်းတို့အနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် မည်သည့်အသင်းက ဂျူဗင်တပ်အသင်းထံမှ အာသာမီလိုအား ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (ဝဲပုံ) (NGB)

## ဂျော်ဂျင်ဟိုအား ခေါ်ယူရန် ဘီဆစ်တပ်စ်အသင်းစီစဉ်



**လန်ဒန် နိုဝင်ဘာ ၂၄**

တူရကီကလပ် ဘီဆစ်တပ်စ်အသင်းသည် အာဆင်နယ်အသင်းနှင့် အဆင်မပြေဖြစ်နေသည့် ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၉ပွဲ ကစားပြီး ၁ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘီဆစ်တပ်စ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဂျော်ဂျင်ဟိုကိုယ်တိုင်ကလည်း လက်ရှိအချိန် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဘီဆစ်တပ်စ်အသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် အာဆင်နယ်အသင်းထံမှ ဂျော်ဂျင်ဟိုအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (အပေါ်ပုံ) (NGB)

## ဖာတာဝူ ဒူးဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရဖွယ်ရှိ

**လီဆက်စတာ နိုဝင်ဘာ ၂၄**

လက်စတာစီးတီးအသင်းနှင့် ဂါနာလက်ရွေးစင်အသင်း တောင်ပံကစားသမား ဖာတာဝူ ပြင်းထန်သည့် ဒူးဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရဖွယ်ရှိသည်။



အဆိုပါ တောင်ပံကစားသမားသည် နိုင်ငံ့လက်ရွေးစင်အသင်းဖြစ်သည့် ဂါနာလက်ရွေးစင်အသင်းအတွက် ပါဝင်ကစားရင်း ပြင်းထန်သည့် ဒူးဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား ဖာတာဝူ ပြင်းထန်သည့် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ကလပ်အသင်းဖြစ်သည့် လက်စတာစီးတီးအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၀)နှစ်အရွယ်ရှိ တောင်ပံကစားသမား ဖာတာဝူသည် လက်စတာစီးတီးအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၃ပွဲ ကစားပြီး ခြေစွမ်းပြထားသည်။ (ဝဲပုံ) (NGB)

## ဘက်နာရစ်ခ် ဒဏ်ရာကြောင့် ရက်သတ္တပတ် အနည်းငယ်ကြာ အနားယူရမည်

**လန်ဒန် နိုဝင်ဘာ ၂၄**

ဆောက်သမ်တန်အသင်းနှင့် ပိုလန်အသင်း နောက်ခံကစားသမား ဘက်နာရစ်ခ် ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တပတ် အနည်းငယ်ကြာ အနားယူရမည်ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် ၂၀၂၄ ယူအီးအက်ဖ်အေ နေရှင်းလိဂ်ပွဲစဉ်အဖြစ် ပိုလန်အသင်းက ပေါ်တူဂီအသင်းအား ငါးဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

နောက်ခံကစားသမား ဘက်နာရစ်ခ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ပွဲကြပ်များ ကစားနေရသည့် ဆောက်သမ်တန်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ဘက်နာရစ်ခ်သည် ဆောက်သမ်တန်အသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၃၂ပွဲ ကစားပြီး ၉ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

ဆောက်သမ်တန်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်တွင် ရလဒ်များ အလွန်ဆိုးရွားနေပြီး တန်းဆင်းဇုန်နေရာတွင် ရပ်တည်လျက်ရှိသည်။ (ယာပုံ) (NGB)



## 2024 LP Open by IND Scores တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Nina Stojanovic တက်ရောက်

**လန်ဒန် နိုဝင်ဘာ ၂၄**

ချီလီနိုင်ငံတွင် ကျင်းပလျက်ရှိသောအမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 LP Open by IND Scores တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ဆားဘီးယားတင်းနစ်မယ် Nina Stojanovic တက်ရောက်ခဲ့သည်။

အဆိုပါ ဆားဘီးယားတင်းနစ်မယ် Nina Stojanovic သည် 2024 LP Open by IND Scores တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ချက်တင်းနစ်မယ် Sara Bejlek အား ၆-၄၊ ၇-၅ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။



2024 LP Open by IND Scores တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် ဆားဘီးယားတင်းနစ်မယ် Nina Stojanovic နှင့် အာဂျင်တီးနားတင်းနစ်မယ် Maria Loourdes Carle တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (ဝဲပုံ) (NGB)

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၂)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၆-၁၁-၂၀၂၄ နံနက် ၀၂:၃၀နာရီ | (၈)နယူးကmaterial— ဝက်စ်ဟမ်း(၁၄) (D,L,L,W,W) (W,L,W,L,D) | နယူးကာဆယ် ၄-၂ ဝက်စ်ဟမ်း / ဝက်စ်ဟမ်း ၂-၂ နယူးကာဆယ် | နယူးကာဆယ်(အိမ်) | ၅ | ၃ | ၁ | ၁ | ၅ | ၃ |
| | | | ဝက်စ်ဟမ်း(ဧည့်) | ၅ | ၁ | ၂ | ၂ | ၅ | ၉ |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၃)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၆-၁၁-၂၀၂၄ နံနက် ၀၀:၃၀နာရီ | (၁၀)အမ်ပိုလီ— အူဒီးနီးစ်(၉) (L,D,L,W,D) (L,W,L,L,L) | အမ်ပိုလီ ၀-၀ အူဒီးနီးစ် / အူဒီးနီးစ် ၁-၁ အမ်ပိုလီ | အမ်ပိုလီ(အိမ်) | ၆ | ၁ | ၃ | ၂ | ၁ | ၄ |
| | | | အူဒီးနီးစ်(ဧည့်) | ၆ | ၁ | ၁ | ၄ | ၇ | ၁၂ |
| ၂၆-၁၁-၂၀၂၄ နံနက် ၀၂:၃၀နာရီ | (၂၀) ဗင်းနစ်ဇီးယား— လက်ချီ(၁၈) (L,D,W,L,L) (L,L,W,L,D) | ဗင်းနစ်ဇီးယား ၁-၀ လက်ချီ / လက်ချီ ၁-၁ ဗင်းနစ်ဇီးယား | ဗင်းနစ်ဇီးယား(အိမ်) | ၅ | ၂ | - | ၃ | ၆ | ၇ |
| | | | လက်ချီ(ဧည့်) | ၆ | - | ၁ | ၅ | - | ၈ |

# သဘာဝဘေးအန္တရာယ်နှင့် မီးခိုး၊ မြူငွေ့ လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေး ဟောပြောပွဲကျင်းပ

**ဖောင်းပြင် နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ် သစ်တောဦးစီး ဌာနကကြီးမှူး၍ သဘာဝဘေး အန္တရာယ်နှင့်ပတ်သက်ပြီး ပြည်သူ လူထုသို့ ထိခိုက်နစ်နာမှုများ လျှော့နည်းပပျောက်စေရန် ရည် ရွယ်ကာ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုး၊ မြူငွေ့ လျှော့ချရေးဆိုင်ရာ ပတ် ဝန်းကျင်ထိန်းသိမ်းရေး အသိ ပညာပေး ဟောပြောပွဲကို ဖောင်း ပြင်မြို့၊ အခြေခံပညာအထက် တန်းကျောင်း၌ နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပ သည်။

ရှေးဦးစွာ မြို့နယ်သစ်တော ဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့် သန်းကိုက ရာသီဥတုပြောင်းလဲမှု



လျှော့နည်းသက်သာစေရေးနှင့် သစ်တောများ၏ အခန်းကဏ္ဍ အကြောင်းကိုလည်းကောင်း၊ တောအုပ်ကြီး ဦးသန်းဇော်ဝင်းက သဘာဝဘေးအန္တရာယ် လျှော့ချ ရေးဆိုင်ရာ အသိပညာပေးခြင်း အစီအစဉ်ကိုလည်းကောင်း၊ တော အုပ် ဦးရဲသီဟအောင်က မီးခိုး၊ မြူငွေ့ညစ်ညမ်းမှုနှင့် လေထု ညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရ မည့် အစီအစဉ်အားလည်းကောင်း Power Point ဖြင့် ရှင်းလင်း ဆွေးနွေးကြကာ တက်ရောက်လာ သူများမှ သိရှိလိုသည့် မေးမြန်း ချက်များအပေါ် မြို့နယ်သစ်တော ဦးစီးအရာရှိနှင့် တာဝန်ရှိသူတို့ က ပြန်လည်ဖြေကြားပေးကြ သည်။

ထို့နောက် သစ်တောဦးစီး ဌာန ရုံးချုပ်မှ လစဉ်ထုတ်ဝေ သော သစ်တောကြေးမုံ ၁၅ အုပ် အား ကျောင်းစာကြည့်တိုက်သို့ လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်မောင်က လက်ခံရယူသည်။

ဆက်လက်၍ အခမ်းအနား သို့ တက်ရောက်လာသူများနှင့် ကျောင်းသား၊ ကျောင်းသူများအား မီးခိုး၊ မြူငွေ့ လျှော့ချရေးဆိုင်ရာ လက်ကမ်းစာစောင်များကို ဖြန့် ဝေပေးသည်။ **(အပေါ်ဝဲပုံ)**

အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ မြို့နယ်စီမံအုပ် ချုပ်ရေးအဖွဲ့၊ အတွင်းရေးမှူး ရဲမှူး ကျော်စိုးထွန်းနှင့် အဖွဲ့ဝင် များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြ သည်။ **မြို့နယ်(ပြန်/ဆက်)**



## သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအား ကွင်းဆင်းစစ်ဆေး

**စဉ့်ကိုင် နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့ နယ် အ·ထ·က(စွန်ရဲ)နှင့် အ·မ ·က (ဒေါင်းကျ)ကျောင်းများ၌ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများ (Clean and Gr- een Schools) အကောင်အထည် ဖော် ဆောင်ရွက်ထားရှိမှု အခြေ အနေအား ယမန်နေ့ မွန်းလွဲပိုင်း က ကျောက်ဆည်ခရိုင်အဆင့် လုပ်ငန်းစိစစ်ရေးအဖွဲ့မှ ကွင်းဆင်း စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် သန့် ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများ (Clean and Gr- een Schools)အကောင်အထည် ဖော်ဆောင်ရေး ခရိုင်အဆင့် လုပ် ငန်းစိစစ်ရေးအဖွဲ့ ကော်မတီဝင် များက အတန်းအလိုက် စာသင် ခန်းများအတွင်း ပတ်ဝန်းကျင် နှင့်သက်ဆိုင်သည့် ပညာရေး သင်ကြားပို့ချမှု အောင်မြင်စေ ရေးအတွက် ရေးဆွဲထားသော Action Plan အတိုင်း အကောင် အထည်ဖော် ဆောင်ရွက်မှုအပေါ် စာသင်ချိန်အတွင်း ကျောင်းသား လူငယ်များ လေ့လာတတ်မြောက် မှု ရှိ၊ မရှိ အခြေအနေများ၊ ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေ မှုရှိသော အမှိုက်စီမံခန့်ခွဲခြင်း၊ စွမ်းအင်ချွေတာခြင်း၊ ရေချွေတာ ခြင်း၊ သစ်ပင်၊ ပန်းပင်များနှင့် စိမ်းလန်းစိုပြည်ခြင်း၊ ကျန်းမာရေး နှင့်ညီညွတ်သောမုန့်များ ရောင်း ချခြင်း၊ အမျိုးအစားစုံလင်သော အပင်များဖြင့် စိမ်းလန်းစိုပြည် သော ကျောင်းပတ်ဝန်းကျင် ရှိ၊ မရှိ၊ သန့်ရှင်း၍ အမှိုက်မရှိသော ကျောင်းဝင်းနှင့် စာသင်ခန်းများ ရှိ၊ မရှိ၊ ဒေသဝန်းကျင်နှင့် လိုက် လျောညီထွေရှိသည့် ပတ်ဝန်းကျင် ထိန်းသိမ်းမှုဆိုင်ရာ တီထွင်ဆန်း သစ်မှုများ ပြုလုပ်နိုင်ခြင်း ရှိ၊ မရှိ အခြေအနေများကို စစ်ဆေးခဲ့ကြ ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ကျော်စွာ(စဉ့်ကိုင်)**

## လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၄**

မန္တလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်ကြီးတံခွန်မြို့နယ် အားကစား နှင့်ကာယပညာဦးစီးဌာနတို့ ပူး ပေါင်း၍ လူငယ်ရေးရာအသိပညာ ပေး ဟောပြောပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက အဆိုပါမြို့နယ်ရှိ အ·လ·က-၂၂ ကျောင်းခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲ တွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က စာပေဗဟုသုတ ကြွယ်ဝဖို့ လူတိုင်းစာဖတ်ကြပါ စို့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်အားကစားနှင့်ကာယပညာ ဦးစီးဌာန ဦးစီးအရာရှိ ဦးနွယ် အေးချိုက လူငယ်နှင့်အားကစား အကြောင်း သိကောင်းစရာများကို လည်းကောင်း အသီးသီးဟောပြော ကြပြီး တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည် ဖြေကြားခဲ့သည်။

ထို့နောက် မြို့နယ်အားကစား နှင့်ကာယပညာဦးစီးဌာန ဦးစီး အရာရှိက ကျောင်းသား၊ ကျောင်း သူများအတွက် ပိုက်ကျော်ခြင်း၊ ခြင်းလုံးနှင့်ဘော်လီဘော အစရှိ သည့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ဆုက လက်ခံ ရယူပြီး ကျေးဇူးတင်စကား ပြန် လည်ပြောကြားခဲ့ကြောင်း သိရ သည်။ **(၀၈၄)**

၀-၀-၀-၀-၀-၀-၀

## ရှာငံမြို့ ပြည်သူ့ဆေးရုံတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ရှာငံ နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှာငံမြို့နယ်တွင် စုပေါင်းသန့်ရှင်း ရေးလုပ်ငန်းများကို နိုဝင်ဘာ ၂၃ ရက် နံနက် ၇ နာရီက ပြည်သူ့ ဆေးရုံဝင်း အတွင်း၊ အပြင်တို့၌ ဆောင်ရွက်ခဲ့သည်။

စုပေါင်းသန့်ရှင်းရေး ဆောင် ရွက်ရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၏လမ်းညွှန်မှုဖြင့် ရှာငံ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဆိုင်က ဦးဆောင်ကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မိခင် နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ ဝင်များ၊ ကြက်ခြေနီ၊ မီးသတ် တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့များ၊ ဒေသခံပြည်သူများ ပူးပေါင်း၍ ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက် ခဲ့သည်။

သန့်ရှင်းရေးလုပ်ငန်းများကို ပြည်သူ့ဆေးရုံ အတွင်း၊ အပြင် များ၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေမြောင်းများ ရှင်းလင်းခြင်း၊ အဆောက်အအုံ များနှင့် ငြိနေသည့်သစ်ကိုင်းများ အား ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း လုပ်ငန်း များ ဆောင်ရွက်နေမှုများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ က လိုက်လံကြည့်ရှုအားပေးခဲ့ ကြသည်။ **(အောက်ပုံ)**

**(၃၃၈)**



သစ်ပင်စိုက်ပါ တို့ကမ္ဘာ

သာယာလှပ

စိမ်းမြမြ။

## ဖူးချိုးဆလပ် စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေအပို ရရှိသည့်အတွက် ဖူးချိုးဆလပ် အိမ်ထောင်စုတိုင်း စိုက်ပျိုးသင့်

**ညောင်ဦး နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ ကြက်မောက်တောင်ဆည် ပတ် ဝန်းကျင်ကျေးရွာများသည် ဆလပ် အမျိုးမျိုး စိုက်ပျိုးရောင်းချခြင်း ဖြင့် မိသားစုစားဝတ်နေရေး ဝင် ငွေ တွက်ခြေကိုက်နေကြကြောင်း လဲဥကျေးရွာ ဖူးချိုးဆလပ်စိုက် ပျိုးတောင်သူ ဦးတင်ထွန်းအောင် ထံမှ သိရသည်။



ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင်ကျေးရွာများသည် မြေအောက်ရေသွင်းစိုက်ပျိုးရေး လုပ်ငန်းဖြင့် အသက်မွေးဝမ်း ကျောင်း ပြုနေကြပြီး ဟင်းသီး ဟင်းရွက်အမျိုးမျိုး စိုက်ပျိုးရောင်း ချခြင်းဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေနေကြကြောင်း၊ ဈေး ကွက်အတွင်း အမြန်ရောက်ရှိပြီး စိုက်ပျိုးအကြီးမြန်၊ အဖြစ်မြန် သည့် ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးခြင်းဖြင့် မိသားစုအမြန် ဝင်ငွေဖော်ဆောင်နိုင်သည့် ဆလပ် အမျိုးမျိုးကို စိုက်ပျိုးကြသည်။ ဆလပ်စိုက်ပျိုးခြင်းသည် အနံ နှစ်ပေ၊ အလျား ၁၅ ပေခန့် ပေါင်တင်ပြီး ကြဲပက်စိုက်ပျိုး ခြင်း၊ ပျိုးကြဲပြီးမှ ပြန်လည် နုတ်ယူစိုက်ပျိုးခြင်းများရှိကြပြီး ဖူးချိုးဆလပ်ပင်များသည် ကြဲ ပက်ပြီး သုံးရက်အတွင်း အပင် ပေါက်ကာ ၄၅ ရက် အရောက် တွင် ခူးယူရောင်းချရကြောင်း ၎င်းက ရှင်းပြသည်။

ဖူးချိုးဆလပ်ပင်များသည် ခေါင်ညွှတ်ချိုးယူပြီး နောက်ထပ် နှစ်ရက်မြောက်တွင် ထွက်ရှိလာ သည့် ဆလပ်ဖူးများကို ခူးယူ ရောင်းချကြသည်။ ဖူးချိုးဆလပ် ပင်များသည် တစ်ဖူးချိုးပြီးတိုင်း နှစ်ဖူးမှ သုံးဖူးအထိ ပြန်ထွက် လေ့ရှိပြီး နှစ်ရက်တစ်ခါ၊ သုံးရက် တစ်ခါ ခူးချိုးရောင်းချရကြောင်း၊ ဆလပ်ကိုင်း(ဖူး) လေးဖူးလျှင် တစ်စည်း ငွေကျပ် ၅၀ ရောင်းချ ရပြီး သုံးရက်တစ်ခါ ခူးချိုး ရောင်းချနေရခြင်းကြောင့် အမြန် ငွေပေါ်လွယ်သည့် ဖူးချိုးဆလပ် အား ကျေးလက်တောင်သူများ စိုက်ပျိုးသင့်ကြောင်း မုန့်ကုန်း ကျေးရွာ ဦးနန်းတင်က ရှင်းပြ သည်။

ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင်ကျေးရွာများသည် ပင်ဆိုင်ဆလပ်၊ ဆလပ်ခါး၊ ရိုးရိုး ဆလပ်၊ ပန်းဂေါ်ဖီ(ဆလပ်)ဖူးချိုး ဆလပ်များ စိုက်ပျိုးကြပြီး ဖူးချိုး ဆလပ်သည် တစ်လအတွင်း အပင်ဖြစ်ထွန်းခြင်းကြောင့် မြေ အောက် ရေသွင်းစိုက်ပျိုးသည့် ဆလပ်မျိုးများတွင် ဖူးချိုးဆလပ် သည် အပင်ဖြစ်လွယ်ပြီး အမြန် ရောင်းချရခြင်းကြောင့် ငွေအမြန် ပေါ်သည့်အတွက် မိသားစုစား ဝတ်နေရေး ကျေးလက်တောင်သူ တိုင်း စိုက်ပျိုးသင့်သည့် ဆလပ် မျိုးဖြစ်ကြောင်း ဆလပ်တစ်ပိဿာ ငွေကျပ် ၁၅၀၀ ရောင်းချနေရ ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၈၁)**

## သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာပေးဟောပြောပွဲ ကျင်းပ

**ပုသိမ်ကြီး နိုဝင်ဘာ ၂၄**

ပုသိမ်ကြီးမြို့နယ်တွင် သစ်တောဦးစီးဌာန၏ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက ပုသိမ်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။



အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းထွန်းက ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျော့ချရေးဆိုင်ရာ သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ပြီး တိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းဦးမှ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် ပတ်သက်၍လည်းကောင်း၊ မန္တလေးခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဆန်းမှ မီးခိုးမြူငွေ့ညစ်ညမ်းမှုများနှင့်ပတ်သက်၍ လည်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဖြိုးစံမှ သဘာဝဘေးအန္တရာယ်လျော့ချရေးနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို ဟောပြောဆွေးနွေးခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ ကျော်တေဇ ဒုတိယဦးစီးမှူးက မီးဘေးအန္တရာယ် ကာကွယ်ခြင်းနှင့် ပတ်သက်၍ ဟောပြောဆွေးနွေးကြသည်။

ထို့နောက် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက ကျောင်းစာကြည့်တိုက်အတွက် သစ်တောကြေးမုံစာအုပ်များအား ကျောင်းအုပ်ကြီးထံ ပေးအပ်လှူဒါန်းခဲ့သည်။ အခမ်းအနားသို့ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်များ၊သစ်တောဌာနမှဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## မြစ်ဆုံကြီးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မြစ်သား နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူပြီး ရာသီမရွေး သွားလာနိုင်စေရန် ရည်ရွယ်၍ မြစ်ဆုံကြီးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေအား နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးစိုးထက်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ ကျေးရွာရပ်မိ၊ ရပ်ဖများနှင့်အတူ မြစ်ဆုံကြီးကျေးရွာတွင် အရှည်ပေ ၇၀၀၊ လမ်းအကျယ် ၁၂ ပေ၊ လမ်းအမြင့်ထု ၆ လက်မ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)မှ နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀၊ စုစုပေါင်းရန်ပုံငွေကျပ်သိန်း ၁၈၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်တာဝန်ယူ၍ ယခုနှစ် စက်တင်ဘာ ၉ ရက်က လုပ်ငန်းစတင် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ **(အောက်ပုံ)**



ယင်းကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက မြစ်ဆုံကြီးကျေးရွာရှိ အိမ်ထောင်စု ၂၃၁ စု၊ လူဦးရေ ၁၁၄၀ ဦးအတွက် ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်မည့်အပြင် ဒေသထွက်ကုန်သီးနှံများကိုလည်း ဈေးကွက်သို့ လွယ်လင့်တကူ သယ်ယူပို့ဆောင် ရောင်းချသွားနိုင်မည်ဖြစ်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက ပြောသည်။

**ရဲဝင်းနိုင်**

## စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်ကျေးရွာ၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်

**စဉ့်ကိုင် နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ခေတ်မီစံပြကျေးရွာသစ်(Smart Village) စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ထန်းသုံးပင်ကျေးရွာ၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေး အသိပညာပေး ဆွေးနွေးဟောပြောခြင်းကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။



ဆွေးနွေးဟောပြောပွဲတွင် ရှေးဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိမိအောင်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီစံပြကျေးရွာသစ် (Smart Village) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးချစ်ကိုက သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်(GAP) နည်းစနစ် စိုက်ပျိုးရေးဆိုင်ရာများ အကြောင်းကို ဆွေးနွေးပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာ သန္တာထူးက မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် (GAHP) နည်းစနစ် မွေးမြူရေးဆိုင်ရာနည်းပညာများကို ဆွေးနွေး ဟောပြောသည်။ ထို့နောက် တက်ရောက်လာသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြသည့် ဒေသခံပြည်သူများက ဆွေးနွေးဟောပြောသည့် အကြောင်းအရာများနှင့်ပတ်သက်ပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြား၍ အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါအသိပညာပေး ဆွေးနွေးဟောပြောပွဲသို့ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူ ၇၀ ဦးခန့် တက်ရောက် ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(၄၄၅)**



## ဆီထွက်သီးနှံစုံစိုက်ဧက ၉၅၈၂ ဧက စိုက်ပျိုးပြီးစီး

**တပ်ကုန်း နိုဝင်ဘာ ၂၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ် ဆောင်းသီးနှံစိုက်ရာသီတွင် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်းနှင့် နေကြာ သီးနှံမျိုးစုံ ၂၃၁၉၈ ဧက သတ်မှတ်လျာထားရာ ဆောင်းဆီထွက်သီးနှံစုံ စိုက်ဧက ၉၅၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

တပ်ကုန်းမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများက သတ်မှတ်လျာထားဧကများ ပြည့်မီအောင် ဆောင်းဆီထွက်သီးနှံဖြစ်သည့် မြေပဲ၊ နှမ်းနှင့် နေကြာသီးနှံများကို အောက်တိုဘာလမှစတင်၍ စိုက်ပျိုးရာ နိုဝင်ဘာ ၂၁ ရက်အထိ ဆီထွက်သီးနှံ မြေပဲ ၆၄၉၉ ဧက၊ နှမ်း ၃၀၀၂ဧက၊ နေကြာ ၈၁ဧက၊ စုစုပေါင်း ၉၅၈၂ ဧက စိုက်ပျိုးပြီးစီးကြောင်းသိရပြီး၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ကွင်းတာဝန်ခံများက သီးနှံအထွက်နှုန်း တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေးနှင့် ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး စသည်တို့ကို ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## မိတ္ထီလာမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးသည့် မိုးစပါးစံကွက်ရိတ်သိမ်း

**မိတ္ထီလာ နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးသည့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့က ကျွန်းဖိုပင်ကျေးရွာ ကွင်းအမှတ်(၆၂၁)ရှိ တောင်သူ ဦးဇော်ဝင်း၏ စိုက်ဧက နှစ်ဧကတွင် ရိတ်သိမ်းခဲ့သည်။ **(အောက်ပုံ)**



မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ်၌ မိုးစပါးစိုက်ပျိုးဧက ၉၉၀၀ ကျော် စိုက်ပျိုးထားရှိသည့်အနက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးကို ထမုန်ကန်ကျေးရွာအုပ်စုတွင် စိုက်ဧက ၁၀၀၊ တောမကျေးရွာအုပ်စုတွင် စိုက်ဧက ၁၀၀၊ ခင်လူးကျေးရွာအုပ်စုတွင် စိုက်ဧက ၅၀၊ ရှမ်းတဲကျေးရွာအုပ်စုတွင် စိုက်ဧက ၃၀၊ ကဖြူကျေးရွာအုပ်စုတွင် စိုက်ဧက ၅၀၊ ဇောင်းချမ်းကုန်းကျေးရွာအုပ်စုတွင် စိုက်ဧက ၃၀၊ မကျီးစုကျေးရွာအုပ်စုတွင် စိုက်ဧက ၄၀၊ လျှော်ဖြူကန်ကျေးရွာအုပ်စုတွင် စိုက်ဧက ၅၀၊ ကွက်ကျေးရွာအုပ်စုတွင် စိုက်ဧက ၁၅၀၊ စုစုပေါင်း စိုက်ပျိုးဧက ၆၀၀ကို စိုက်ပျိုးထားရှိသည်။

အဆိုပါ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးသည့် ကျွန်းဖိုပင်ကျေးရွာ ကွင်းအမှတ်(၆၂၁)ရှိ တောင်သူ၏ ဆင်းသုခ စိုက်ဧက နှစ်ဧကတွင် စံကွက်ရိတ်သိမ်းခဲ့ရာ မိုးစပါး ဆင်းသုခ (အစို)တစ်ဧက ၈၅တင်း ထွက်ရှိကြောင်း သိရသည်။ **(၄၆၉)**

## ဝတ္ထုတိုကဏ္ဍ

# လိပ်

**ကျော်လှိုင်(နန်းရှေ့)**



(၁၈-၁၁-၂၀၂၄)ရက်
စာမျက်နှာ ၁၄ မှအဆက်

"အမေရေ ဟောဒီမှာ အမေ့မြေးမလေး ဝတ်ရည်ဖူး ပါလာတယ် လာခေါ်လှည့်ပါဦး"

"ဟယ် ငါ့သားကြီး ကိုမောင်ရယ်၊ ဆိုင်းမဆင့်ဗုံမဆင့်၊ လာမယ်ဆိုလည်း ကြိုပြီးဖုန်းဆက်လိုက်ပေါ့ ကားရပ်သံတော့ကြားသား မင်းကားမဟုတ်ဘူးမှတ်နေလို့ မင်းကလည်း ကားခဏ ခဏပြောင်းနေတော့လေ"

"ဟုတ်တယ်အမေ အရင်ကားရောင်းပြီး ဒီကားက မနေ့ကမှဝယ်လိုက်တာ၊ အမေ့မြေးပါတယ်၊ ကားပေါ်မှာ အိပ်ပျော်နေတယ်"။

"ကိုအုန်းလှိုင် တော့်မြေးကိုလာပြီးပွေ့လှည့်ပါဦး"

"ကဲပေးပေး ငါ့ချွေးမ မပါဘူးလား မင်းတို့ဟိုရက်က ရန်ဖြစ်တယ်ဆို"

"ဘာမှ မဟုတ်ပါဘူးအဖေရာ၊ နေရာတကာဝင်ပါလွန်းလို့၊ စိတ်တိုတာနဲ့၊ နားရင်းရိုက်မလို့ ရွယ်လိုက်တာပါ"၊ ဒေါ်မြကြည်မှ ဝင်ပြီး "နေရာတကာစိတ်လိုက်မာန်ပါ မလုပ်နဲ့သားရယ် အမေ့စကားကိုတော့ နားထောင်ပါကွယ်"

"ဟုတ်ကဲ့ပါအမေ၊ သားအလုပ်ကိစ္စရှိသေးလို့၊ သွားဦးမယ်၊ ညနေငါးနာရီကျမှ၊ အမေ့ချွေးမ၊ ရုံးဆင်းကြိုပြီး ကလေးလာခေါ်တော့မယ်"

"မင်းကလည်း အိမ်ထဲခဏဝင်ပါဦးလား။ ထမင်းလေး ဘာလေး စားသွားရောပေါ့"

"မစားတော့ဘူးအမေ၊ အသိတစ်ယောက်နဲ့ချိန်းထားလို့၊ ညနေကျမှစားတော့မယ်"

"ဒါဆိုလည်း သွားပေါ့၊ ညနေကျ ပိုချက်ထားလိုက်မယ်နော် သား"

"ဟုတ် အမေ သားသွားပြီ"

ကျုပ်ပွေ့ချီထားတဲ့ မြေးလေးလူးလွန့်ပြီးနိုးလာကာ မျက်လုံးပွတ်သပ်ပြီး ဟိုကြည့် ဒီကြည့် ကြည့်ပြီး

"အဖေရော"တဲ့

"ငါ့မြေးလေး နိုးလာပြီလား၊ အဖေက အလုပ်သွားတယ်လေ၊ ဒီနေ့ အဖေကြီးတို့နဲ့ နေရမယ်လေ မြေးရဲ့"

"ဟော ငါ့မြေးမ နိုးလာပြီလား လာပါဦး အမေကြီးက ချီချင်လို့"

မြေးမလေးကို ကျုပ်လက်ထဲမှ ဒေါ်မြကြည်က ပြောင်းချီလိုက်ပြီး

"ကိုအုန်းလှိုင်ရေ တော့်မြေး ကြိုက်တတ်တဲ့ ရေခဲမုန့်လေး သွားဝယ်ပါဦး"

နေ့လယ်နေ့ခင်းတွေမှာဆို အဘိုးကြီး အဘွားကြီးနှစ်ယောက်ထဲရှိတဲ့ အချိန်မှာ မြေးမလေးရောက်လာတော့ အပျင်းတော့ပြေတာပေါ့။ ဒါပေမဲ့ သူတို့ရဲ့ ဝေယျာဝစ္စကလည်း သိပ်တော့ မသေးလှ၊ ကျုပ်က ဈေးဝယ်၊ ဒေါ်မြကြည်က မြေးမလေးကြိုက်တတ်တဲ့၊ ကောင်းနိုးရာရာလေး ချက်ပြုတ်ကျွေး။ ဒါကိုလည်း အဘိုး၊ အဘွားဖြစ်တဲ့၊ ကျုပ်နဲ့ ဒေါ်မြကြည်တို့က အကျေနပ်ကြီး ကျေနပ်နေတာ သားအချစ်၊ မြေးအနှစ်ဆိုတာ၊ တကယ်အမှန်ပဲလေ။

"မေကြီး သမီးကိုကို မလာဘူးလား"

"လာမှာပါတော် ညီမလေးလာနေတယ်လို့ အမေကြီးက ဖုန်းဆက်ထားတယ် ကျူရှင်ဆင်းရင် လာခဲ့မယ်၊ ညီမလေးနဲ့တူတူဆော့မယ်တဲ့"

ကိုကို မလာဘူးလား မေးတာက ပုသိမ်ကြီးမှာနေတဲ့။ သမီးကြီးရဲ့သား ထူးမြတ်နိုင်ပါ၊ မောင်နှမဝမ်းကွဲပေမယ့် တစ်ယောက်နဲ့တစ်ယောက် ချစ်ကြရှာတယ်။ မြေးမလေးလာတယ်ကြားရင်၊ မြေးကြီးလည်း အိမ်ကို အပြေးရောက်လာမြဲပါ တိတ်ဆိတ်နေတဲ့ ဦးအုန်းလှိုင်၊ ဒေါ်မြကြည်အိမ်လည်း၊ မြေးနှစ်ယောက် ဆုံတဲ့နေ့ဆိုရင် ဆူလို့ ညံလို့ပေါ့ တစ်ခါတလေကျတော့ ဆည်းလည်းသံ တစ်ခါတစ်ရံတော့ သံချောင်းခေါက်သံပေါ့လေ။

"မြေးလေး ရေခဲမုန့်စားလို့ကောင်းရဲ့လား ထပ်ယူဦးမလား"

"တော်ပြီ မေကြီး"

"ကိုအုန်းလှိုင်ရေ တော့်နားက လက်သုတ်ဝတ် ကလေးလှမ်းပေးလိုက်စမ်းပါ၊ တော့်မြေး ပါးစပ်တွေ ပေနေလို့ သုတ်ပေးရအောင်လို့"

"ကဲကဲရှေ့ပါဗျာ သုတ်ပေးပြီးရင်၊ ကလေးငါ့ကိုပေး၊ စောစောကဝယ်လာတဲ့ ကြက်သားကြော်လိုက်ပါဦး"

"နေပါဦး ခဏနေမှ၊ ကြော်ပေါ့မယ်တော်၊ မြေးလေးကိုချီပါရစေဦး မြေးလေး မေကြီးကိုချစ်လား"

"မေကြီးကိုလဲချစ်တယ် ဖေကြီးကိုလဲ ချစ်တယ်"

"ဒါနဲ့ နေပါဦး မေကြီးနဲ့ ဖေကြီး ဘယ်သူ့ပိုချစ်တုန်း မြေးလေး"

"မေကြီးကို ပိုချစ်တယ်"

"ဖေဖေနဲ့မေမေကြတော့ ဘယ်သူ့ကိုပိုချစ်လဲ မြေး"

"မေမေကို ပိုချစ်တယ်"

"ဖေဖေကိုတော့ မချစ်ဖူးလား"

"ဖေဖေကိုလည်း ချစ်တယ်။ ဒါပေမဲ့ မေမေကို ပိုချစ်တယ်"

ဒီအဖြေကိုတော့ ဒေါ်မြကြည်သိပ်မကြိုက်လှ သူကြားချင်တာကတော့၊ ဖေဖေကိုပိုချစ်တယ်လို့ ကြားချင်တာပါ ကလေးအဖေက၊ သူ့ရဲ့သားကိုး။ ဒါပေမဲ့ ဒေါ်မြကြည်က၊ လက်မလျှော့ချင်သေး"။ မြေးလေး အဖေကဖြင့်သူ့သမီးလေးကို ချစ်လိုက်တာ၊ သမီးလေးအတွက်၊ မုန့်တွေ၊ ကစားစရာ အရုပ်တွေ၊ ပြီးတော့ ကားတွေဝယ်ပေးထားတယ်၊ ဒါတောင် ငါ့မြေးက အမေ့ကို ပိုချစ်တယ်ပေါ့"

ကျုပ်ကလည်း မနေသာတော့ဘဲ 'မမြကြည်ရယ် ကလေးကို အခက်တွေ့အောင်မလုပ်စမ်းနဲ့ သူတို့ကတော့ လူကြီးတွေလို ဟန်မဆောင်တတ်ဘူး ရင်ထဲရှိတဲ့အတိုင်း ပြောမှာပဲ ပေးကလေးကိုငါပွေ့ပြီး သိပ်လိုက်မယ်၊ မင်းအိပ်ရာပြင်လိုက်"

အံမယ်လေး ငါ့သားကတော့ဖြင့်၊ သမီးအတွက်ဆို၊ နေ့မနား၊ ညမအား၊ ရှာလိုက်ဖွေလိုက်ရတာ၊ ရှာဖွေကျွေးရကျိုး နပ်ပါ့တော်"

မြေးကိုသိပ်ဖို့ အိမ်ရာပြင်ရင်း မြည်တွန်တောက်တီး နေလေရဲ့။

"တီ . . တီ . . တီ ဟောအိမ်ရှေ့က ဆိုင်ကယ်ဟွန်းသံကြားတယ် မင်းမြေးကြီးလာပြီနဲ့တူတယ်" ပြောပြီးလို့ မရှေးမနှောင်းလေးမှာ

"မေကြီး မေကြီး တံခါးဖွင့်ပေးပါဦး"

"လာပြီ ငါ့မြေးရေ ကိုအုန်းလှိုင်ခြံတံခါးသွားဖွင့်ပေးလိုက်ပါဦး"

"ကဲ ငါ့မြေး မျှော်နေတဲ့၊ ကိုကိုလာပါပြီဗျာ၊ အဖေကြီးပေါ်က၊ ခဏဆင်း တံခါးသွားဖွင့်ပေးလိုက်ဦးမယ်နော်"

"ဟုတ် အဖေကြီး"

သံတံခါးကို တွန်းဖွင့်ရင်း "ငါ့မြေးကြီးနဲ့ သမီးကြီးလာလေ"

သမီးဖြစ်သူ နွဲ့မူက အဖေ သမီးအိမ်ထဲမဝင်တော့ဘူး၊ ဈေးချီသွားပြီး အလှကုန်ပစ္စည်း သွားဝယ်ရမှာမို့လို့ အပြန်မှဝင်တော့မယ်၊ တူမလေးအတွက် မုန့်ပါဝယ်ခဲ့မယ်၊ သွားပြီနော် အဖေ ပြောပြောဆိုဆို ဆိုင်ကယ်မောင်းပြီး ထွက်သွားလေရဲ့။

"လာငါ့မြေးကြီး ညီမလေးကလည်း မင်းကို မျှော်နေတာနဲ့အတော်ပဲ"

"သားကလဲ ကျူရှင်ဆင်းပြီးတာနဲ့ ညီမလေးလာတယ်ကြားလို့ တန်းလာလိုက်တာ၊ ထမင်းတောင် မစားခဲ့ရသေးဘူး"

"မစားခဲ့ရသေးလည်း မပူပါနဲ့တော် ဟောဒီက ငါ့မြေးတွေစားဖို့ ကြက်သားဝယ်ထားတယ် ခဏနေကြော်ကျွေးမယ်။ ရော့ ဟောဒီမှာ ရေခဲမုန့်လေး အရင်စားလိုက်ပါဦး"

"မေကြီး ညီမလေးကိုရော ကျွေးပြီးပြီလား"

ကျွေးပြီးပါပြီတော် တစ်ယောက်တစ်ခုစီပါ။

"ညီမလေး မဝသေးရင် စားဦးလေ ရော့ ညီမလေး"

"တော်ပြီ ကိုကြီး ညီမလေး ဗိုက်ဝနေပြီ ကိုကိုစားပါ"

"မုန့်စားပြီး ဆော့ကြမယ်လေ၊ ကိုကြီး ကျောပိုးအိတ်ထဲမှာ အရုပ်တွေ အများကြီးပါတယ်"

ဒေါ်မြကြည်က "မြေးကြီး အမေကြီးနား လာပါဦးကွယ် အမေကြီးက ငါ့မြေးကြီး ထူးမြတ်နိုင်ကို ပွေ့ကြည့်ချင်လို့ ချီတော့ မချီနိုင်တော့ဘူး၊ ငါ့မြေးက အတော်ကြီးနေပေါ့။ မေကြီးကို အရင်လို ချစ်သေးရဲ့လား။

"ချစ်ပါတယ်မေကြီးရဲ့" (ဦး)

"အမေကြီး မင်းကိုမေးပါဦးမယ် မင်းညီမလေးကတော့ အမေကို ပိုချစ်တယ်တဲ့ မင်းကတော့ အဖေနဲ့ အမေ ဘယ်သူ့ပိုချစ်လဲ ပြောပါဦး"

"သားကအဖေ့ကို ပိုချစ်တယ်"

"ဘယ်လိုကြောင့် အဖေကို ပိုချစ်ရတာလဲ ပြောစမ်းပါဦးတော်"

ဖေဖေကမရိုက်ဘူး သားလိုချင်တာလည်း ဝယ်ပေးတယ်၊ မေမေကကျတော့ ရိုက်လည်းရိုက်တယ်၊ သားလိုချင်တာလည်း ဝယ်မပေးဘူး၊ ဒါကြောင့် သားကဖေဖေကို ပိုချစ်တယ်"

ဒေါ်မြကြည်တစ်ယောက် မြေးကြီးဖြစ်သူ ဟောဟောဒိုင်းဒိုင်း ပြောလိုက်တဲ့စကားကြောင့် ရုတ်တရက်မှင်တက်မိနေပေါ့။ ပြီးမှ "ငါ့သမီးကိုးလလွယ် ဆယ်လဖွား ဒုက္ခခံပြီး မွေးလာခဲ့ရတာ၊ ဝမ်းရည်ဆက်တာပဲ၊ အဖတ်တင်တယ်။ ဒီတစ်ယောက်ကလည်း အဖေကိုပိုချစ်သတဲ့"

တစ်ချိန်လုံး ငြိမ်နေတဲ့ ကျုပ်က ဇနီးဖြစ်သူ ဒေါ်မြကြည်ကို ပြုံးပြုံးကြီး ကြည့်နေတာမြင်တော့၊ မလုံမလဲနဲ့

"တော်ဘာကြည့်နေတာလဲ"

"မင်းကြည့်တာကိုများ မကြည့်ရဘူးလားကွာ"

"ကြည့်နဲ့" ဒေါ်မြကြည်ရဲ့ အတွက်ကို ကျုပ်က မြင်သွားတော့ ရှက်ရမ်းရမ်းကာ အော်လိုက်ခြင်းဖြစ်ပါတယ်။ ကျုပ်ကတော့ ကိုယ့်ရဲ့ ဥမှ ဥလို့ထင်တဲ့ ဇနီးဖြစ်သူ ဒေါ်မြကြည်ကို ကိုယ့်ဘက်ကိုယက်တတ်တဲ့ လိပ်ကိုသာပြေးမြင် မိပါတော့တယ်။

## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**တပ်ကုန်း နိုဝင်ဘာ ၂၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊တပ်ကုန်းမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကင်းသာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှမျိုးနွယ်က ဗလငါးတန်နှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း အမှာစကား ပြောကြားခဲ့သည်။



ထို့နောက် လူငယ်စကားဝိုင်း ဆက်လက်ကျင်းပခဲ့ရာ တပ်ကုန်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး ကင်းသာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ မသင်းအိမ့်(Grade-10)၊ မခင်သက်မွန် (Grade-11)၊ မဇူးသစ္စာ(Grade-11)၊ မရွှေရည်ဝင်း(Grade-11)၊ မသဲစုလှိုင်မိုး (Grade-12) တို့က လူငယ်နှင့် စာကြည့်တိုက်၊ လူငယ်နှင့်အချိန်၏တန်ဖိုး၊ လူငယ်နှင့်နိုင်ငံ့သားကောင်း၊ လူငယ်နှင့်ကိုယ်ကျင့်တရား၊ လူငယ်နှင့်ဆရာ့ကျေးဇူး ခေါင်းစဉ်တို့ဖြင့် ဦးဆောင်ဆွေးနွေးခဲ့ပြီးနောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းခဲ့ကြရာ စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်သော ဦးစီးအရာရှိနှင့် ဦးဆောင်ဆွေးနွေးသည့် ကျောင်းသူများက ပြန်လည်ဖြေကြားပေးခဲ့ပြီးနောက် ဦးစီးအရာရှိနှင့် ကျောင်းအုပ်ဆရာမကြီးတို့က ဦးဆောင်ဆွေးနွေးသည့် ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ လူငယ်စကားဝိုင်းဆွေးနွေးပွဲအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ ကလေးများအတွက် အသိပညာပေး နံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများ လေ့လာကြည့်ရှုကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## မြို့နယ် ၁၅ မြို့နယ်ရှိ သမအသင်းသားတောင်သူများမှ ဆောင်းဆီထွက်သီးနှံစိုက်ပျိုးဧက ၁၅၅၀၀ ကျော် စိုက်ပျိုးပြီးဖြစ်

**မန္တလေး နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ် ၁၅ မြို့နယ်ရှိ သမဝါယမအသင်းသားတောင်သူများမှ ဆောင်းဆီထွက်သီးနှံစိုက်ပျိုးကြရာတွင် စိုက်ဧက ၁၅၅၀၀ ကျော်ကို စိုက်ပျိုးပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါတိုင်းဒေသကြီးအတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းဆီထွက်သီးနှံစိုက်ပျိုးရန် မြို့နယ် ၁၅ မြို့နယ်ရှိ သမဝါယမအသင်းသားတောင်သူ ၁၅၅၈၇ ဦး၊ ဆောင်းဆီထွက်သီးနှံစိုက်ဧက ၄၆၀၃၅ ဧကတို့ကို စိုက်ပျိုးသွားရန် လျာထားပြီး၊ ယင်းဆောင်းဆီထွက်သီးစိုက်ဧကများကို အောက်တိုဘာလမှစ၍ အသင်းသားတောင်သူများမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အချိန်တွင် စိုက်ဧကပေါင်း ၁၅၅၉၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ကျန်ရှိဧကများကိုလည်း ဆက်လက်စိုက်ပျိုးနေလျက်ရှိသည်။

"ဆောင်းဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်ကြတဲ့ သမဝါယမအသင်းသားတောင်သူတွေကို စိုက်ပျိုးနိုင်ဖို့အတွက် နေကြာမျိုးအနေဖြင့် ရေစင်းစပ်မျိုး တစ်မျိုးပေါင်း ၂၀၆၀၀ ကျော် အိတ်ဖြန့်ဖြူးပေးထားတယ်။ ငွေအနေနဲ့ ၄၅၀ ကျော်သန်းပါ။ ကွန်ပေါင်းမြေဩဇာ ၇၃၆၃ အိတ်၊ သဘာဝမြေဩဇာ ၂၇၀ အိတ်၊ စုစုပေါင်း ၇၆၃၃ အိတ်ပံ့ပိုးပေးထားပါတယ်။ ငွေအနေနဲ့ ငွေကျပ်သန်း ၁၂၀၀ ကျော်ပါ။ ခုလိုမျိုးတောင်သူတွေကို ပံ့ပိုးပေးနေတာဆိုရင် တစ်ဖက်တစ်လှမ်းကနေ တောင်သူတွေကို ကူညီဆောင်ရွက်ပေးနေတာပါ။ တောင်သူတွေအနေနဲ့ ပံ့ပိုးပေးတာနဲ့အညီ ဆောင်းဆီထွက်သီးနှံစိုက်ဧကတွေမှာ မှန်မှန်ကန်ကန်ထိထိ ရောက်ရောက် အောင်မြင်စေဖို့ဖြစ်ပါတယ်"ဟု ၄င်းက ရှင်းပြသည်။

ထိုတိုင်းဒေသကြီးအတွင်း ဆောင်းဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်ကြသည့် မြို့နယ် ၁၅ မြို့နယ်မှာ ကျောက်ဆည်မြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ မြစ်သားမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ မလှိုင်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ သာစည်မြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ မြင်းခြံမြို့နယ်၊ အမရပူရမြို့နယ်၊ တံတားဦးမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်တို့ရှိ အသင်းသားတောင်သူ ၁၅၅၈၇ ဦးတို့မှ ဆောင်းဆီထွက်သီးနှံစိုက်ဧကများကို စိုက်ပျိုးဆောင်ရွက်နေလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ) (၀၇၃)**





ဖတ်စရာ၊ မှတ်စရာ
စုံလင်

## အကြင်နာပွား စိတ်မြတ်ထား

* ကောင်းမှုတွေ နှလုံးသွင်းလို့
အမုန်းကင်း လူတို့ဘောင်
မကောင်းမှုတွေ ဟူသမျှ
ဖယ်ကြခနောင် ။

* မေတ္တာတရားရင်မှာဆောင်
မင်္ဂလာယူ အချင်းချင်း
ကတိသစ္စာတန်ဖိုးထားကွယ်
ရိုးသားစေမင်း ။

* လူတိုင်းအပေါ်စာနာခြင်း
ညာတာမနေး ဖေးမကူ
အကြင်နာစိတ်မြတ်ထား
ရိုးသားကြည်ဖြူ ။

* ဖြူစင်ခြင်း အပြုံးများဝေသူ
အမုန်းတရားတွေ ပယ်ကာဖျက်
ရည်မှန်းရာ ပန်းတိုင်အရောက်
လမ်းလျှောက်ရှေ့ဆက် ။ ။

**မောင်မောင်လင်းထွန်း(နန်းတော်ရှေ့)**

## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့်အလေ့အထ ဖြစ်ပေါ်စေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရန် ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့ မွန်းလွဲ ၂ နာရီက ဆောင်ရွက်ခဲ့သည်။

ရွှေးဦးစွာ ဆင်ပေါင်ဝဲ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးနိုင်လင်းက အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများ သိသင့်သိထိုက်သည့် အမျိုးသားအောင်ပွဲနေ့အကြောင်း သိကောင်းစရာ အသိပညာပေး ဟောပြောရှင်းလင်း ပြောကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် အမျိုးသားနေ့နှင့် ပတ်သက်သည့် အသိပညာပေး နံရံကပ်စာစောင်များအား ကျောင်းသားလူငယ်များက စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



## သတင်းပဒေသာ

### ဟောပြောပွဲ၊ ပြိုင်ပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲ ကျင်းပ

ပျဉ်းမနားမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ (၁၀၄)နှစ်မြောက် အမျိုးသား အောင်ပွဲနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ ပြိုင်ပွဲ၊ နံရံကပ် စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက ကျင်းပရာ ပြန်/ဆက်မြို့နယ်ဦးစီးမှူး ဦးဇော်မင်းလွင်က လူထုအခြေပြုဗဟိုဌာန (Community Centre) ၌ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းအခြေအနေများ၊ ဗလငါးတန်နှင့်ပြည့်စုံသည့် ကျောင်းသား၊ ကျောင်းသူများဖြစ်လာ စေရန်ရည်ရွယ်၍ ကျင်းပဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြော ကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

### အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့ပေါ်ရှိ အခြေခံပညာကျောင်းများသို့ ကျောင်းသား၊ ကျောင်းသူလေးများ အမျိုးသားရေးစိတ်ဓာတ်အမွေကို ခံယူထိန်းသိမ်းတတ်စေရေး လေ့လာမှတ်သားနိုင်ရန်အတွက် (၁၀၄)နှစ်မြောက် အမျိုးသား အောင်ပွဲနေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင် များကို ယမန်နေ့ နံနက်ပိုင်းက ပင်လုံမြို့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများမှ အခမဲ့ဖြန့်ဝေပေး ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ဘေးအန္တရာယ်လျှော့ချရေး မြို့နယ်အဆင့် အသိပညာပေးဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက် မြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနမှ မီးခိုးမြူငွေ့လျှော့ချရေး၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး မြို့နယ်အဆင့်အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၉ နာရီက နောင်ခမ်းကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)တွင် ကျင်းပရာ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီး အရာရှိ ဦးပြည့်ဖြိုးမောင်က နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ဖြစ်ပေါ်စေသောအကြောင်းအရင်းများ၊ ရာသီဥတုပြောင်းလဲမှု လျှော့နည်းစေရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ် နိုင်ရေးတို့ကို ဆွေးနွေးပြောကြားခဲ့ပြီး ဟောပြောပွဲသို့ တက် ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိ လိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ပြည်နယ်အဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်း၊ အလယ်တန်း ကျောင်းသား၊ ကျောင်းသူ ၁၅ ဦး ပါဝင် ယှဉ်ပြိုင်ကြရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် ပြပွဲများပြုလုပ်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင် ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၁၀၄)နှစ်မြောက် အမျိုးသား အောင်ပွဲနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့်ပြပွဲများကို ယမန်နေ့ နံနက်ပိုင်းက ဥတ္တရသီရိမြို့နယ်၊ သစ်ဝင်တိုင်းကျေးရွာ အခြေခံ ပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပရာ ဥတ္တရခရိုင် ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်း နွယ်က အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဆွမ်းအလှူငွေ လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၂၄**

မန္တလေး၊ ချမ်းမြသာစည် မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ် လမ်း၊ ဇီဝိတဒါနသံဃာ့ဆေးရုံ ကြီးသို့ ယမန်နေ့က အလှူရှင် မန္တလေး၊ ခတ်တန်းရပ်နေ သုခ ချမ်းသာကျောင်းအစ်မကြီး ဒေါ်စန်းစန်းမြင့်အား ရည်စူး၍ ဆွမ်းအလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်း ရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းအဖွဲ့ ဝင် ဦးဝင်းမြင့်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေး အပ်ခဲ့သည်။

အလှူရှင်များလှူဒါန်းလိုပါက ၀၉-၄၀၂၆၂၆၃၂၄ သို့ တိုက် ရိုက်ဆက်သွယ်၍ လှူဒါန်းနိုင် ကြောင်း သိရသည်။**(အပေါ်ပုံ)**

**(ကဆ)**

## အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ဝန်ထမ်းများနှင့်တွေ့ဆုံ၊ စားသောက်ကုန်များ ထောက်ပံ့

**မန္တလေး နိုဝင်ဘာ ၂၄**

အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန၊ အားကစားနှင့်ကာယ ပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ရှိ ကျောင်းအုပ်ကြီးနှင့် အရာထမ်း များ၊ နည်းပြများ၊ ဝန်ထမ်းများ တွေ့ဆုံပွဲကို နိုဝင်ဘာ ၂၃ ရက် နံနက် ၁၀နာရီက ချမ်းမြသာစည် မြို့နယ် မန္တလာသီရိအားကစား ကွင်း အုပ်ချုပ်မှုရုံး အစည်းအဝေး ခန်းမတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် အားကစား နှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က နိုင်ငံဂုဏ်ဆောင်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်း လာစေရေးအတွက် အားကစား နည်းအလိုက် လေ့ကျင့်သင်ကြား ရေးနှင့် ဝန်ထမ်းရေးရာများ ဆွေးနွေးပြောကြားသည်။

ထို့နောက် ဌာနခွဲအလိုက် နည်းပြများက သင်တန်းသား၊ သင်တန်းသူများအား လေ့ကျင့် သင်ကြားရေးနှင့်ဝန်ထမ်းရေးရာ များကို ဆွေးနွေးတင်ပြပြီး ကျောင်းအုပ်ကြီးမှ တင်ပြချက် များကို ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့သည်။

ဆက်လက်၍ ကျောင်းအုပ် ကြီးနှင့် တာဝန်ရှိသူများက ဝန်ထမ်းများ သက်သာချောင်ချိ ရေးအတွက် ဆန်၊ ဆီ၊ ကြက်ဥ များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ကဆ)**

## ဝန်ထမ်းမိသားစုများ အပတ်စဉ် ဘုံဆွမ်းလောင်းလှူ

**မန္တလေး နိုဝင်ဘာ ၂၄**

မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ၊ မဟာမြိုင် စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့်လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများ မှစုပေါင်း၍ အပတ်စဉ် တနင်္ဂနွေ နေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များ အား ဘုံဆွမ်းလောင်းလှူကုသိုလ် ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေး ပြင်လေးရပ်မှကြွရောက်တော် မူကြသော ဆရာတော်၊ သံဃာ တော်များအား ယနေ့ နံနက်ပိုင်း က (၁၀၆)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ငါးခြောက်အုန်းနို့မြေပဲဆန် ချက်၊ ပဲတီချဉ်သုပ်တို့ကို ၃၆ လမ်းနှင့်၆၉လမ်းထောင့်တွင် ပြင် ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော် ၂၅၀ ကျော်တို့အား နံနက် ၅ နာရီခွဲမှ စတင်လောင်းလှူကြည်ညိုခဲ့ကြ ပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ် ၍ လေးပြင်လေးရပ်မှ ဆရာ တော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့် ဖိတ်ထားကြောင်း သိရသည်။



**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၃)**

## ရတနာသုံးပါးပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ကျောက်ဆည် နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည် မြို့တွင် သံဃာတော်များ ဆွမ်း၊ ကွမ်း ပြည့်စုံပြီး သာသနာပြု လုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေစေရေး ဆွမ်းဆန်စိမ်း များ၊ ဝတ္ထုငွေများ၊ ဝတ္ထုပစ္စည်း များ လောင်းလှူသည့် ရတနာ သုံးပါး ပူဇော်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် နံနက် ၇ နာရီ က ဖောင်ရွာရပ်ကွက်၊ ဝေဘူ သာသနာ့နယ်မြေတွင် စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စတုတ္ထ ဝေဘူဆရာတော်ကြီးအမှူးပြုသော ပင့်သံဃာ ၁၃၉၁ ပါး၊ သီလရှင် ၄၉၆ ပါး၊ ယောဂီ ၂၅ ဦးနှင့် အာဂန္တုသံဃာနှင့် သီလရှင် ၁၆၀ ပါးတို့အား ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာန ဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖ များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်နီး၊ ရပ်ဝေးမှ အလှူရှင်များ၊ စုစုပေါင်း ၃၀၀ ဦးကျော်တို့က အလှူမဏ္ဍပ်များ ဆောက်လုပ်ပြီး ငွေကျပ်သိန်း ၃၀၀၀ တန်ဖိုးရှိ ဆွမ်းဆန်စိမ်းများ၊ ဝတ္ထုငွေနှင့် ဝတ္ထုပစ္စည်းများ စုပေါင်းလောင်း လှူခဲ့ကြောင်းနှင့် ဝေဘူသာသနာ့ နယ်မြေဂေါပကအဖွဲ့မှ ပင့်သံဃာ များ၊ သီလရှင်များအား နိဗ္ဗာန် ဈေးအဖြစ် သုံးဆောင်တော်မူ လိုသော ဆွမ်းများ ကပ်လှူခြင်း၊ အလှူရှင်ပြည်သူများအား စတု ဒိသာကျွေးခြင်းများဖြင့် စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း ဝေဘူဂေါပကအဖွဲ့မှ တာဝန်ရှိသူ တစ်ဦးက ပြောကြောင်း သိရ သည်။ **(အောက်ပုံ)(၄စ၅)**



# အမျိုးသားရေးနှင့် မန္တလေး

နွေးထွေး(ပုသိမ်ကြီး)

လောကတွင် မမြင်ရသော သံယောဇဉ်တို့သည် ခိုင်မြဲလှသည်။ ထိုအထဲတွင် သွေးရင်းသားရင်း သံယောဇဉ်များက အဓိကပါဝင်သည်။ တစ်အူတုံဆင်း မောင်နှမ ညီအစ်ကို ညီအစ်မတို့သည် သွေးရင်းသားရင်းများဖြစ်၍ အရင်းနှီးဆုံး သံယောဇဉ်များ ရှိကြလေသည်။

သွေးရင်းသားရင်းသံယောဇဉ်သည် တစ်ယောက်၏ အခက်အခဲကို တစ်ယောက်က ဖြေရှင်းကြသည်။ ပျော်ရွှင်လည်းအတူတူ၊ ဝမ်းနည်းလည်းအတူတူ မျှဝေခံစားကြသည်။ ကောင်းမွေ၊ ဆိုးမွေများကို မျှဝေခံစားကြသည့် သဘောတရားကို လက်ခံထားရှိကြသည်။

ထိုသံယောဇဉ်တို့သည် လူအချင်းချင်း ချစ်ခြင်းမေတ္တာတို့အကြား အေးအတူပူအမျှ ပြယုဂ်တစ်ခုကဲ့သို့ ဖြစ်တည်၍ လူတစ်ဦးနှင့်တစ်ဦး၊ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုများကို ချဲ့ထွင်ဖြစ်တည်ပြီးလျှင် ပို၍ ပို၍ ကျယ်ဝန်းနက်နဲလာသည်။ လူတို့၏လိုအပ်ချက်များဖြစ်သော စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေးမှအခြေခံ၍ နိုင်ငံရေး၊ အမျိုးသားရေး၊ ပညာရေး စသည်များ တည်ဆောက်ဖွဲ့စည်းကြသည်။ မိသားစုအခြေခံမှ မြို့၊ ရွာ၊ တိုင်း၊ ပြည်နယ်၊ နိုင်ငံတော် ကမ္ဘာတစ်ဝန်းအထိ ဆက်စပ်ဖန်တီးသော အကောင်းအဆိုး အကြောင်းအကျိုးများ၏အရင်းခံမှာ သံယောဇဉ်ကြိုးများ ဖြစ်တော့သည်။ ထို့ကြောင့် ဆွေမျိုးသားချင်း တောင့်တင်းရန် လိုအပ်သည်။

"သံယောဇဉ်×××စကားလေးသုံးခွန်းမို့××× ညွှန်းစေချက်လည်းနည်းမယ်မထင်×××တကယ်ကို တွေးရင်တော့××မသေးတဲ့အားအင်××ကမ္ဘာမြေတစ်ခုလုံး×××သိမ်းကျုံး၍ပင်×××သူခိုင်းစေသမျှတာဝန်×××လူတိုင်းကြုံနေရတာပင်×××"

မိဘညီအစ်ကိုမောင်နှမ၊ ဇနီး၊ ခင်ပွန်း၊ သား၊ သမီး၊ မြေး၊ မြစ်တို့ကို ချစ်တတ်မှ မိသားစုစိတ်ဓာတ်ရှိပါသည်။ မိမိဒေသကို ချစ်တတ်မှ ဇာတိသွေးရှိပါသည်။ နိုင်ငံကို ချစ်တတ်မှ နိုင်ငံသားပီသမည်။ လူတွေကိုချစ်တတ်မှ လူပီသမည်။ မည်သူကမျှ ခိုင်းစေပေးအပ်ခြင်း မရှိခဲ့သည့် တာဝန်ကို လိုလိုချင်ချင် ဆောင်ရွက်ခြင်း မွေးရာပါတာဝန်မှာ မျိုးချစ်စိတ် တစ်နည်းအားဖြင့် ဇာတိသွေးဇာတိမာန် ထက်သန်ခြင်းဖြစ်သည်။ ဝံသာနုရက္ခိတအမျိုးကို စောင့်ရှောက်ခြင်း အမျိုးသားရေး ဖြစ်သည်။

မြန်မာနိုင်ငံ မြန်မာ့မြေကိုအင်္ဂလိပ်တို့သည် ၁၈၂၄ ခုနှစ်မှာ တစ်ကြိမ်၊ ၁၈၅၂ ခုနှစ် တစ်ကြိမ်၊ ၁၈၈၅ ခုနှစ် တစ်ကြိမ်၊ သုံးကြိမ်သုံးခါ စစ်ဆင်နွှဲ၍ နိုင်ငံတစ်ခုလုံး သိမ်းယူခဲ့ကြသည်။ ၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက် မန္တလေးနေပြည်တော်မှ မြန်မာဘုရင်ကို အင်္ဂလိပ်များ ဖမ်းဆီးခေါ်ဆောင်သွားပြီး ဗြိတိန်ဘုရင်မ၏ အုပ်ချုပ်မှုအောက်သို့ ပြည်ထောင်စုမြန်မာနိုင်ငံကို သွတ်သွင်းသိမ်းပိုက်လိုက်ကြောင်း အမိန့်ထုတ်ပြန်လိုက်သည်။ ထိုမှ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်ထိ ၆၂ နှစ်နှင့် ၃ ရက်တိတိ သူ့ကျွန်မခံ ဇာတိမာန်ဖြင့် တိုင်းရင်းသားပြည်သူအားလုံးသည် နိုင်ငံခြားသားအင်္ဂလိပ်သိမ်းပိုက်အုပ်ချုပ်မှုကို နည်းမျိုးစုံဖြင့် ဆန့်ကျင်တွန်းလှန်ခဲ့ကြရသည်။ အမျိုးသားလွတ်မြောက်ရေး၊ နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်တော်လှန်ရေးများသည် နယ်ချဲ့လက်အောက်ကျရောက်နေချိန် ၁၉၂၀ ပြည့်နှစ်တစ်ဝိုက်တွင် မြန်မာတို့သည် နိုင်ငံရေးသမိုင်း တွင်ရစ်ရလောက်အောင် နိုးကြားတက်ကြွခဲ့ကြသည်။

မန္တလေးသည် မင်းတုန်းဘုရင်၊ သီပေါဘုရင်များလက်ထက်မှာ နိုင်ငံ၏မြို့တော် ဖြစ်သည်။ အင်္ဂလိပ်တို့သိမ်းပိုက်အုပ်စိုးပြီးနောက် မြို့တော်ဘဝမှ လျော့ကျကာ နိုင်ငံတွင် ဒုတိယအကြီးဆုံး မြို့တော် ဖြစ်သည်။ မြန်မာ့အနုပညာအရပ်ရပ်တို့ စုဝေးရာဒေသဖြစ်ပြီး ယင်းအနုပညာရပ်တို့ကို လွယ်လင့်တကူ လေ့လာဆည်းပူးနိုင်သည့် ဌာနေဖြစ်သဖြင့် ယဉ်ကျေးမှုမြို့တော်ဟုလည်း ထင်ရှားကျော်ကြားသည်။

သက္ကရာဇ် ၁၂၄၇ ခုနှစ် ခရစ်နှစ် ၁၈၈၅ ခုနှစ်တွင် သီပေါမင်းပါတော်မူသွားခဲ့သည်။ ထီးနန်းလည်း ပျက်သုဉ်းခဲ့ရသည်။ လွတ်လပ်ရေးဆုံးရှုံးကာ ကျွန်သဘောက်ဘဝ အမှောင်ခေတ်ရောက်၍ အောက်မြန်မာပြည်နှစ်(၁၀၀)ကျော်၊ အထက်မြန်မာပြည် နှစ်(၆၀)ကျော် အမှောင်ဖုံးခဲ့ရသည်။ ဤကာလများအတွင်း ယဉ်ကျေးမှုအမွေအနှစ်များစွာ ဆုံးပါးပျက်စီးခဲ့ရသည်။ ကျန်ကောင်းကျန်ရာတို့ ကျန်ခဲ့သည်။ သူတို့ သိမ်းမသွားနိုင်သည်မှာ ဇာတိသွေး၊ ဇာတိမာန် ဝံသာနုရက္ခိတ အမျိုးဘာသာ သာသနာစောင့်ရှောက်လိုခြင်း အမျိုးသားရေးစိတ်ဓာတ်များသာလျှင် ဖြစ်တော့သည်။

**"အမျိုးသားရေး ကြိုးပမ်းကြပါ၊ အရှေ့က နေဝန်းထွက်သည့်ပမာ၊ ဒို့ခေတ်ကို ရောက်ရမည်မှာ မလွဲပါ"**

၁၈၈၆ ခုနှစ်မှစ၍ရေသော် နှစ်ပေါင်း၃၄(သုံးဆယ့်လေးနှစ်)မျှကြာသောအခါ သူ့ကျွန်မခံလိုကြသောမြန်မာတို့သည် ဂျီ-စီ-ဘီ-အေ(ခေါ်)မြန်မာအသင်းချုပ်ကို ဖွဲ့စည်းကြသည်။ မန္တလေးမြို့ အင်္ဂလိပ်မြန်မာနှစ်ဘာသာသင် ဗုဒ္ဓသာသနာနုဂ္ဂဟကျောင်း၌ ကျောင်းဆရာကြီးမှာ ဦးထွန်းရှိန်ဖြစ်သည်။ ဂျီ-စီ-ဘီ-အေ အသင်းဝင်ဖြစ်သဖြင့် အလုပ်မှ ထုတ်ပယ်ခံခဲ့ရသည်။ အလုပ်မှထွက်ပြီး တိုင်းရေးပြည်ရေးကို ကိုယ်ဖိရင်ဖိ ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ အင်္ဂလိပ်ထံ လွတ်လပ်ရေးတောင်းခံခဲ့သူ ဖြစ်သည်။ (ဖေပုရှိန်)

> မန္တလေးသည် မင်းတုန်းဘုရင်၊ သီပေါဘုရင်များ လက်ထက်မှာ နိုင်ငံ၏မြို့တော် ဖြစ်သည်။ အင်္ဂလိပ်တို့ သိမ်းပိုက်အုပ်စိုးပြီးနောက် မြို့တော်ဘဝမှ လျော့ကျကာ နိုင်ငံတွင် ဒုတိယအကြီးဆုံးမြို့တော် ဖြစ်သည်။

မန္တလေးမြို့တွင် ဗိုလ်ချုပ်အောင်ဆန်း၏ ချစ်မိတ်ဆွေ ကိုဗဟိန်း(သခင်ဗဟိန်း)မှာ ၁၉၄၆ ခုနှစ်တွင် အမျိုးသားလွတ်မြောက်ရေး ဆောင်ရွက်စဉ် ကွယ်လွန်ခဲ့သည်။ မန္တလေးမှာပင် ယခု ၂၆ B လမ်းတွင် လွတ်လပ်ရေးအတွက် ကြိုးပမ်းသူ မန္တလေးသား အာဇာနည်များကျဆုံးခဲ့ရသည်။ အမျိုးသားကျောင်း(ယခုအ·ထ·က၂)ကျောင်းအုပ်ဆရာကြီး ဦးရာဇတ်သည်လည်း ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော အစိုးရအဖွဲ့ဝင်ပညာရေးဝန်ကြီးအဖြစ် တာဝန်ယူစဉ်မှာ အမျိုးသားရေးအတွက် မန္တလေးမှ အသက်ပေးခဲ့သောပုဂ္ဂိုလ်ကြီး ဖြစ်ပါသည်။

၁၉၂၁ ခုနှစ်တွင် ဂျီ-စီ-ဘီ-အေ အသင်းကြီး၏ နဝမအကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေးကြီးကို မန္တလေးမြို့၌ ကျင်းပခဲ့ကြသည်။ ထိုအစည်းအဝေးတက်ရောက်လာသူများက မြန်မာနိုင်ငံလွတ်လပ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ဆုံးဖြတ်ချက်များနှင့်အတူ "အမျိုးသားနေ့"(National Day)သတ်မှတ်ရန်အဆိုကို ဦးဘသော်မှတင်သွင်း၍ ဦးဘစိန်က ထောက်ခံခဲ့သည်။

အမျိုးသားနေ့အဖြစ် ထိုက်ထိုက်တန်တန် သတ်မှတ်နိုင်မည့် ဂုဏ်အရည်အသွေးရှိသည့် နေ့သုံးနေ့ကို ပဏာမရွေးချယ်ကြသည်။

(၁) သီပေါမင်းပါတော်မူသွားသောနေ့။

(၂) ဆရာတော်ဦးဥတ္တမ ထောင်ကျသောနေ့။

(၃) ရန်ကုန်တက္ကသိုလ် အက်ဥပဒေကိုလက်မခံမကျေနပ်၍ ကျောင်းသားများ သပိတ်မှောက်သောနေ့တို့ ဖြစ်သည်။

ကျောင်းသားများတညီတညွတ်တည်း သပိတ်မှောက်ထွက်ခဲ့ကြသည့် ၁၉၂၀ပြည့်နှစ် ဒီဇင်ဘာလ(၅)ရက်၊ "မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်နေ့"ကို နှစ်စဉ်အမျိုးသားနေ့အဖြစ် ရွေးချယ်သတ်မှတ်ခဲ့ကြပါသည်။ မန္တလေးမှ အမျိုးသားရေး အမျိုးသားနေ့အဖြစ် သတ်မှတ်အဆိုပြုခဲ့သော ကျောင်းသားသပိတ်ဖြစ်စဉ်ကြီးကို "ဝံသယုဝ"မဂ္ဂဇင်းအတွဲ(၁) အမှတ်(၁) ၁၉၂၄ ခုနှစ်တွင် ဆရာဇော်ဂျီမှ ဂုဏ်ပြုရေးသားထားခဲ့သည်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**"အမျိုးသားအောင်ပွဲနေ့ မင်္ဂလာပိုဒ်စုံရတု"**

"ဘွေ့ကောင်းခေါင်ယံ၊ နိတုံစံသို့၊ ဖန်ဝါရောင်ဝင်း၊ မိုက်မှောင်ခွင်းသည့် နေမင်းတရတည်၊ ဆွေအကြည်လျှင်၊ ကျင့်ရည်ပြည့်စုံ၊ သွယ်သွယ်ဂုဏ်နှင့် လောက်လုံအဝ၊ မင်းသမ္မတ၏၊ ဝံသနွယ်လာ၊ ဘိရာဇာမှ၊ ရေကာတွက်စီ၊ နှစ်ရာချီ၍၊ သုံးလီဒသ၊ မင်းသတ္တတို့၊ တည်စ(တကောင်း)မြန်သောင်း(ခေတ္တယံ)၊ မြို့(ပုဂံ)တည့်၊ ဋ္ဌာနံ(မြင်းစိုင်း)၊ (စစ်ကိုင်း)၊ (ပင်းယ)၊ (အင်းဝ)၊ သာစည်(တောင်ငူ)၊ (ပြည်)နှင့် ဇာနည်ဘုန်းတန်း၊ (ကုန်းဘောင်)နန်းကို၊ သိမ်းမြန်းဆက်ခံ၊ မတ်ပေါင်းရံလျက်၊ ကဒဏ်ရွှေချူ၊ ထီးပစ္စူဖြင့်၊ ရိပ်ဖြူဆောင်းကာ၊ စိုးအုပ်လာသည်။ မြန်မာတို့သွေး၊ ထောက်ချင့်တွေး။ ။

"နေဒေါင်းတောင်ပံ၊ သကုဏံတည့်၊ ဝဲပျံလူးခတ်၊ ဝဋ္ဋာရပ်မှ၊ နံဓာတ်ပျက်ကြွေ၊ ဂြိုလ်ဆိုးမွေလျက်၊ ရဝေဦးကင်၊ ကြဋ္ဌာန်းစဉ်နှင့်၊ ပလ္လင်တိမ်ပျောက်၊ ဗြိတိန်အောက်သို့၊ ကံလျောက်ကြမ္မာ၊ ကျခဲ့ရာ၍၊ ကောဇာသက္ကရာဇ်၊ တွက်ဖွဲ့စစ်သော်၊ ထောင်နှစ်ရှစ်ဆယ်၊ နှစ်နှစ်ကယ်၌၊ ချိန်ဝယ်သရဒ၊ တန်ဆောင်မုန်းလ၏၊ ပက္ခဆုတ်ကျော်၊ ဆယ်ရက်မော်တွင်၊ ကျောင်းတော်သိပ္ပံ၊ နေဗိမာန်မှ၊ နည်းစံထုံးတမ်း၊ ဥပဒေကြမ်းကို၊ နှစ်ဝမ်းမကြည်၊ နောင်အရှည်ဖို့၊ မျှော်ရည်စိတ်ထား၊ ကျောင်းတော်သားတို့ စိတ်အားမာန်တက်၊ ဖယ်ကျဉ်ထွက်ခဲ့၊ ဘဝင်္ဂအာကာ၊ သိမ့်သိမ့်ငြာသည်။ ဝံသာဖို့ရေး၊ ပျောက်လွှင့်အေး။ ။

"ရွှေမောင်းရောင်လျှံ၊ ဓာတ်မွေဆံတို့၊ ပျော်စံဝပ်ကိန်း၊ မျက်ဆံလိမ်းလျက်၊ တစ်သိန်းလောကဓာတ်၊ သုံးလူနတ်လျှင်၊ တွားညွတ်လက်စုံ၊ ရှိဦးလှုံ့ရာ၊ တိဂုံယင်ဏ၊ စေတီယ၌၊ မောရဝံသံ၊ ဇာတိမာန်နှင့် ဟိတ်ခံတန်ခိုး၊ မန္တမ်းညိုးအောင်၊ ငြမ်းထိုးသဖွယ်၊ နေရှင်နယ်ဟု တိမ်ကွယ်မမေ့၊ ဤချိန်စေ့က၊ ဤနေ့မင်္ဂလာ၊ ဤအခါတွင်၊ ရှင်သာနှစ်ထောင်း၊ ခြိမ့်ခြိမ့်ညောင်းလျက်၊ ပန်းပေါင်းအမွှန်၊ အောင်တံခွန်နှင့်၊ ပန်းတင်အသီးသီး၊ သင်းချပ်တီးသို့၊ မြန်ထီးတစ်ခွင် လွတ်လပ်ယာဉ်၌၊ လျင်လျင်ဆောစွာ၊ ဆောင်ပို့ရာသည်။ စံရာဘို့ကျေး မြှောက်မြှင့်ပေး"....။

ယနေ့ခေတ်သည် ပညာခေတ်(Knowledge Age)ဖြစ်သည်။ ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် အမျိုးသားရေးတာဝန် ပို၍ နက်ရှိုင်းကျယ်ပြန့်လာပြီဖြစ်သည်။ ပညာခေတ်တွင် လူသားအရင်းအမြစ်လူသားစွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုသည် အဓိကကျသည်။ ပညာဖြင့် လူ့အသိုင်းအဝိုင်းကို တည်ဆောက် ပညာဖြင့် နိုင်ငံကို တည်ဆောက်လာကြသည်။ ပညာကို တန်ဖိုးထားမြှင့်တင်သည့် နိုင်ငံသည် တိုးတက်ထွန်းကားလာသည်ကို တွေ့မြင်ရမည် ဖြစ်သည်။

ကျောင်းသားနှင့် အခြားမျိုးဆက်သစ် လူငယ်များသည် နိုင်ငံနှင့်လူမျိုးကို လက်ဆင့်ကမ်းသယ်ဆောင်ကြမည့်သူများဖြစ်သဖြင့် နိုင်ငံ့သားကောင်းဖြစ်လာစေရန်နှင့် ကာယဗလ၊ ဉာဏဗလ၊ ဘောဂဗလ၊ မိတ္တဗလ၊ စာရိတ္တဗလ ဆိုသည့် ဗလငါးတန်နှင့် ပြည့်စုံစေရန် အမျိုးသားရေးအသိ မျိုးချစ်စိတ်ဖြင့် အားကြိုးမာန်တက် ဆောင်ရွက်ကြရပေမည်ဟု လေးနက်စွာ တိုက်တွန်းရေးသားအပ်ပါသည်။

# (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို အထိမ်းအမှတ်အခမ်းအနားများ ကျင်းပ

**သာစည် နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို ပြိုင်ပွဲများနှင့်ပြပွဲများကို နိုဝင်ဘာ ၂၁ ရက် နံနက်က ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်သင်းသင်းက ပြိုင်ပွဲများပြုလုပ်ရခြင်းရည်ရွယ်ချက်များနှင့် ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲကို စတင်ရာ သာစည်မြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများနှင့် အမှတ်(၂)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မီးရထားတို့မှ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် အမျိုးသားအောင်ပွဲနေ့မှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ခေါင်းစဉ်ဖြင့် ကျောင်းသား၊ ကျောင်းသူ ၂၈ ဦး၊ အလယ်တန်းအဆင့် ကဗျာရေးစပ်ပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၁၄ ဦးတို့က ယှဉ်ပြိုင်ကြကြောင်းသိရပြီး ဆုရရှိသူများကို (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်သည်။

ထို့နောက် အသိပညာပေး ပြသထားသော နံရံကပ်စာစောင်များနှင့်ဓာတ်ပုံများ၊ သုတရသစာအုပ်များကို ကျောင်းသား၊ ကျောင်းသူများကကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။



(အပေါ်ဝဲပုံ)
(၄၈၇)

*-*-*-*-*




**ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အသိပညာပေး Talk Show ကို နိုဝင်ဘာ ၂၂ ရက် နံနက် ၁၁ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေး Talk Show တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သဲဖြူက အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံအကြောင်းကို မေးမြန်းရာ၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြဆရာမ ဒေါ်စန်းညွန့်ဌေးက မြန်မာနိုင်ငံရေးဖြစ်စဉ်မှ အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံ ကျွန်ပညာရေးစနစ်ကို အသက်သွင်းမည့် တက္ကသိုလ်ဥပဒေကို သပိတ်မှောက်ရာမှ အစပြု၍ မြန်မာလူငယ်များ နိုင်ငံရေးအသိ စိတ်ဓာတ်ပြင်းထန်လာပြီး၊ အစိုးရကျောင်းများကို သပိတ်မှောက်ကာ အမျိုးသားကျောင်းများ ပေါ်ပေါက်လာပုံ၊ ယင်းမှစ၍ တက္ကသိုလ်ကျောင်းများမှ စတင်ကာ အင်္ဂလိပ်အစိုးရကို သပိတ်မှောက်တော်လှန်ခဲ့ကြပုံနှင့် လွတ်လပ်ရေးအတွက် လမ်းစပွင့်လာပုံ အစရှိသည့် သမိုင်းကြောင်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါအသိပညာပေး Talk Show ကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Facebook page နှင့် You Tube Channel တို့တွင် အများပြည်သူလေ့လာနိုင်စေရန် လွှင့်တင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)(၄၅၆)

**ကျိုင်းလပ် နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ ကျိုင်းလပ်မြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကလေးများအား စာကြည့်တိုက်နှင့်ရင်းနှီးကျွမ်းဝင်မှုရှိစေရန်နှင့် ကာယဉာဏ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမတွင် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးက ကလေးများ အနေဖြင့် ပေါင်းသင်းဆက်ဆံရာတွင် ချိုချိုသာသာပြောဆိုတတ်သည့် အလေ့အထဖြစ်ပေါ်လာစေရန်၊ စိတ်ဓာတ်ခွန်အားများကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ အများအကျိုးဆောင်ရွက်တတ်သည့် အလေ့အကျင့်ဖြစ်ပေါ်လာစေရန်၊ ကျောင်းစာအပြင် အသိပညာဗဟုသုတတိုးပွားစေမည့် သုတရသစာအုပ်များကို ဖတ်ရှုလေ့လာကာ စာကြည့်တိုက်အားငယ်ရွယ်စဉ်ကပင် အသုံးပြုတတ်လာစေရန် ရည်ရွယ်၍ ကဗျာရွတ်ပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲများကို ကျင်းပပြုလုပ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး အဆိုပါပြိုင်ပွဲ၌ ကျောင်းသား၊ ကျောင်းသူ ၁၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး လာရောက်ယှဉ်ပြိုင်ကြသည့် ကလေးများကို အမှတ်တရလက်ဆောင်နှင့် မုန့်များပေးအပ်ခဲ့ကြောင်း သိရသည်။



(ဝဲပုံ)
မြို့နယ်(ပြန်/ဆက်)

**ကျောက်ဆည် နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် ကျောင်းသား၊ ကျောင်းသူများ အမျိုးသားရေးစိတ်ဓာတ်ခိုင်မာရေး အမျိုးသားအောင်ပွဲနေ့အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေလျက်ရှိရာ ယနေ့ နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

သတင်းစကားလက်ကမ်းစာစောင်တွင် (၁၀၄)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ၊ အမျိုးသားရေး စိတ်ဓာတ်အားမာန်ဆောင်းပါး၊ မြင်းမူမောင်နိုင်မိုးရေးသားသည့် အမျိုးသားအောင်ပွဲနေ့ကဗျာ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ကျရောက်ခဲ့သည့် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်များ၊ ဗြိတိသျှတို့ပြဋ္ဌာန်းသော ကျွန်ပညာရေးဥပဒေ၊ မွေးရာပါအမျိုးသားရေးတာဝန်များ၊ အမျိုးသားညီညွတ်ရေးအကြောင်းများ၊ 'ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့'၊ 'နိုင်ငံသာယာဝပြောဖို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကြစို့' ဆောင်ပုဒ်များ၊ ဆောင်ပုဒ်နှင့် လှုထွင်ဦး၏ ကာတွန်းများပါဝင်ကြောင်း သိရသည်။

(အောက်ပုံ)
(၄၈၅)



**မြစ်သား နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် မြို့မရှေ့ရပ်ကွက်ရှိ ကျီတော်ကုန်း (မူလွန်)ကျောင်း၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်(အကြို) စာဖတ်ရှိန်မြှင့်မားရေးအတွက် နယ်လှည့်စာကြည့်တိုက်ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ နေ့လယ်ပိုင်းက အဆိုပါ ကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့မရှေ့ရပ်ကွက်ရှိ ကျီတော်ကုန်း(မူလွန်)ကျောင်းအုပ်ဆရာကြီး ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ဟောပြောကာ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာပုံခေါင်းစဉ်ဖြင့် နိုင်ငံအတွက် အရေးကြီးပုံ အားလည်းကောင်း၊ တက္ကသိုလ်ပညာရေးသပိတ် စတင်ပေါ်ပေါက်လာပုံ၊ ပထမကျောင်းသားသပိတ် စတင်ပေါ်ပေါက်လာပုံ၊ အမျိုးသားနေ့ သတ်မှတ်ပုံနှင့် သမိုင်းတွင်သောနေ့ ဖြစ်ပေါ်လာပုံအကြောင်းအရာများကို အကျယ်တဝင့်ဟောပြောခဲ့ပြီး (၁၀၄)နှစ်မြောက် အမျိုးသား အောင်ပွဲနေ့လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှခင်းကျင်းပြသထားသော (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲ နေ့ အထိမ်းအမှတ်(အကြို) အသိပညာပေးနံရံကပ်စာစောင်၊ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များကို ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။



(ဝဲပုံ)
ဝါဝါမြင့် (မြစ်သား)

## မိုးနှောင်းချည်မျှင်ရှည်ဝါများ ဝယ်ယူမှုကောင်းမွန်ခြင်းကြောင့် ဈေးနှုန်းကောင်းများရရှိနေ

**မန္တလေး နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်အတွင်း စိုက်ပျိုးထွက်ရှိခဲ့သော မိုးနှောင်းချည်မျှင်ရှည်ဝါများ ဝယ်ယူမှုကောင်းမွန်ခြင်းကြောင့် ဈေးနှုန်းကောင်းများရရှိလျက်ရှိကြောင်း စိုက်ပျိုးသူများထံက သိရသည်။

ချည်မျှင်ရှည်ဝါများမှာ တစ်ဧကလျှင် သွင်းအားစု၊ အလုပ်သမားခ ကုန်ကျစရိတ်အားဖြင့် ငွေကျပ် သုံးသိန်းခွဲကျော်သာ ကုန်ကျပြီး ပြန်လည်ရောင်းချရာတွင် အကျိုးအမြတ်များများ ရရှိနေခြင်းကြောင့် စိုက်ပျိုးတောင်သူများအတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ဒီနှစ်အထွက်နှုန်းကလည်း မဆိုးဘူး၊ စိုက်ပျိုးကုန်ကျစရိတ်က နည်းနည်းမြင့်တက်လာပေမယ့် လက်ရှိရရှိတဲ့ ဈေးနှုန်းကလည်း စိုက်ပျိုးတောင်သူတွေအတွက် အဆင်ပြေပါတယ်၊ တစ်ဧကကို ပိဿာချိန်အားဖြင့် လေးရာ၊ ငါးရာလောက်တော့ ထွက်ရှိပါတယ်၊ တစ်ပိဿာကို ငွေကျပ် သုံးထောင်လောက်ရရှိနေပါတယ်"ဟု ကျောက်ဆည်ခရိုင်အတွင်းရှိ ချည်မျှင်ရှည်ဝါစိုက်ပျိုးသူ တစ်ဦးက ပြောသည်။

လက်ရှိ စိုက်ပျိုးရာတွင် မျိုးအဖြစ် ၃၃၃၊ ၆၆၆နှင့် ၉၉၉ မျိုးများကို အဓိကထားစိုက်ပျိုးကြပြီး ဩဂုတ်လတွင် စတင်စိုက်ပျိုးကြပြီး နိုဝင်ဘာလ၌ စတင်ရိတ်သိမ်းကြကြောင်း၊ ရရှိလာသော ချည်မျှင်ရှည်ဝါများကို ကျောက်ဆည်မြို့ရှိ ပွဲရုံများကို ရောင်းချကြသည့်အပြင် မန္တလေး၊ ရန်ကုန်သို့ကိုလည်း တိုက်ရိုက်တင်ပို့ရောင်းချမှုများကို လုပ်ဆောင်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းတွင် ကျောက်ဆည်ခရိုင်အတွင်းရှိ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်တို့တွင် အများဆုံးစိုက်ပျိုးကြပြီး ဧကအားဖြင့် သုံးသောင်းနီးပါးစိုက်ပျိုးထားကြောင်း ကြေးတိုင်းနှင့်မြေစာရင်းဦးစီးဌာနရှိ စာရင်းများအရ သိရသည်။

ပြည်တွင်းအထည်လုပ်ငန်းများအတွက် ချည်မျှင်လိုအပ်ချက်ရှိနေသဖြင့် ပိုမိုစိုက်ပျိုးရန်လိုအပ်ကြောင်း၊ ပိုမိုစိုက်ပျိုးလာနိုင်ရန်အတွက် ဝါစိုက်တောင်သူများ ဝင်ငွေအကျိုးအမြတ်များ ပိုမိုရရှိရန်လိုအပ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဝါမျိုးကောင်းမျိုးသန့်များ သုံးစွဲနိုင်ရေး၊ ဈေးကွက်လိုအပ်သည့် အရည်အသွေးပြည့်မီသော ချည်မျှင်ရှည်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်း၊ နည်းပညာများ ဖြန့်ဝေပေးခြင်းတို့ကို လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-စ)

၀-၀-၀-၀-၀-၀-၀






## သက်ကြီးဘိုးဘွားများအား အပတ်စဉ် သောကြာနေ့ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**ဟုမ္မလင်း နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသခန်းမဆောင်တွင် သက်ကြီးဘိုးဘွားများအား အပတ်စဉ် သောကြာနေ့ ကျန်းမာရေး စောင့်ရှောက်ပေးခြင်းကို ယမန်နေ့ နံနက် ၈နာရီမှ ၁၂နာရီထိ အပတ်စဉ် သောကြာနေ့တိုင်း ဆောင်ရွက်ပေးလျက်ရှိသည်။

သက်ကြီးဘိုးဘွားများ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကုသဆောင်ရွက်ခြင်းကို ဟုမ္မလင်းမြို့နယ်၊ သောင်သွပ်တိုက်နယ်ဆေးရုံမှ ဒေါက်တာနန်းဝင်းအောင်၊ ဟုမ္မလင်းခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံမှ တာဝန်ကျဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများက သက်ကြီးရွယ်အိုများအား ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်း၊ မကူးစက်ခင်ရောဂါ ကြိုတင်ကာကွယ်ရေး၊ နှလုံးရောဂါ၊ သွေးတိုးဆီးချို ရောဂါအခံရှိသူ သက်ကြီးဘိုးဘွား စုစုပေါင်း ၁၀၇ဦးအား အခမဲ့ စောင့်ရှောက်ကုသပေးခဲ့ကြောင်း သိရသည်။

ထို့နောက် သက်ကြီးဘိုးဘွားများအား အာဟာရဒါနအနေဖြင့် ကြက်သားဆန်ပြုတ် တိုက်ကျွေးပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## မြန်မာနိုင်ငံစာဆိုတော်နေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**ကျောက်ဆည် နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ အကြိမ်(၈၀)မြောက် မြန်မာနိုင်ငံ စာဆိုတော်နေ့အား ဂုဏ်ပြုကြိုဆိုသောအားဖြင့် စာဖတ်ရှိန်မြင့်မားရေး၊ မြန်မာစာပေ တိုးတက်ပြန့်ပွားရေး စာစီစာကုံးပြိုင်ပွဲကို နိုဝင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအောင်ကိုကို (ကာတွန်း) ဖောင်းဖောင်းက ပြိုင်ပွဲဝင် စည်းမျဉ်းစည်းကမ်းများအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ပြိုင်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများက "ဇာတိချက်ကြွေ မွေးရပ်မြေ"၊ "ဆယ့်နှစ်လရာသီ" ခေါင်းစဉ်များဖြင့် အသီးသီး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲဝင် စာစီစာကုံး၊ စာမူများကို ဆုများရွေးချယ်သွားပြီး ပထမရရှိသောစာမူအား ဆုငွေကျပ် ၅၀၀၀၀၊ ဒုတိယဆုအား ဆုငွေကျပ် ၃၀၀၀၀၊ တတိယဆုအား ဆုငွေကျပ် ၂၀၀၀၀၊ အထူးဆုငွေကျပ် ၁၀၀၀၀ များကို ဒီဇင်ဘာ ၁ရက်တွင် ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသွားမည့် အကြိမ်(၈၀)မြောက် မြန်မာနိုင်ငံ စာဆိုတော်နေ့အခမ်းအနားတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ကျောက်ဆည်မြို့နယ်စာရေးဆရာအသင်းမှ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ (အောက်ပုံ)

(၄၈၅)



## Bagan Temple Marathon 2024 အပြေးပြိုင်ပွဲကျင်းပ

**ညောင်ဦး နိုဝင်ဘာ ၂၄**

RUNderful Myanmar က ဦးဆောင်ကျင်းပသည့် Bagan Temple Marathon 2024 အပြေးပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အာနန္ဒာဘုရားကြီးတောင်ဘက်မုခ်၌ နိုဝင်ဘာ ၂၄ ရက် နံနက် ၆ နာရီကစတင်ကာ Bagan Temple Marathon 2024 အပြေးပြိုင်ပွဲစတင်တာလွှတ်ကျင်းပခဲ့သည်။

အဆိုပါ Bagan Temple Marathon 2024 အပြေးပြိုင်ပွဲတွင် 42 km၊ 21 kmနှင့် 10 km အကွာအဝေးသုံးမျိုး ပါဝင်ယှဉ်ပြိုင်စေကြပြီး 42 km အပြေးပြိုင်ပွဲတွင် ပြည်တွင်းပြည်ပ အပြေးသမား ၅၀ ဦး၊ 21 km အပြေးပြိုင်ပွဲတွင် ၁၅၀ ဦး၊ 10 km အပြေးပြိုင်ပွဲတွင် ၁၅၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး 42 km အပြေးပြိုင်ပွဲ ပထမဆုငွေကျပ် လေးသိန်း၊ ဒုတိယဆု ငွေကျပ် သုံးသိန်း၊ တတိယဆု ငွေကျပ် နှစ်သိန်း၊ 21 km အပြေးပြိုင်တွင် ပထမဆု ငွေကျပ် သုံးသိန်း၊ ဒုတိယဆု ငွေကျပ် နှစ်သိန်း၊ တတိယဆုငွေကျပ် တစ်သိန်း၊ 10 km အပြေးပြိုင်ပွဲတွင် ပထမဆု ငွေကျပ် နှစ်သိန်း၊ ဒုတိယဆု ငွေကျပ် တစ်သိန်းနှင့် တတိယဆုငွေကျပ် ငါးသောင်းတို့အား ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့တာဝန်ရှိသူများနှင့် RUNderful Myanmar အဖွဲ့တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

Bagan Temple Marathon 2024 အပြေးပြိုင်ပွဲတွင် ပြည်တွင်းပြည်ပအပြေးအားကစားသမား ၃၅၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အပြေးဝါသနာရှင်များလည်း ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။(၄၈၁)

ရေနုတ်မြောင်းအတွင်း
စည်းကမ်းမဲ့ အမှိုက်
မစွန့်ပစ်ခြင်းဖြင့်
သင်၏ ဂုဏ်ကို
မြင့်တင်ပါ။

## ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မိတ္ထီလာ နိုဝင်ဘာ ၂၄**

မိတ္ထီလာမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး နိုဝင်ဘာ ၂၃ ရက် နံနက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။



၂၀၂၄-၂၀၂၅ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် မိတ္ထီလာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးနှင့် အဖွဲ့ဝင်များက ဦးဆောင်၍ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းဝင်းအတွင်းရှိ မလွတ်ကင်းသည့် သစ်ပင်များ၊ ချုံနွယ်များ၊ အမှိုက်များ၊ မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

(၄၆၉)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင် ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်မည့် ပထဝီဝင် မြေအနေအထားကို ပိုင်ဆိုင်ထားရှိ...

❖ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန် အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများ အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေကြီးရေလျှံမှုများကြောင့် ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံကိုယ်စား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးဌာနများနှင့် ကုမ္ပဏီများက လူသားချင်းစာနာထောက်ထားမှု အကူအညီများ လွှဲပြောင်းပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၄

ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေကြီးရေလျှံမှုများကြောင့် ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံကိုယ်စား အရပ်ဘက် ကာကွယ်ရေး၊ အရေးပေါ်အခြေအနေနှင့် သဘာဝဘေးအန္တရာယ်သက်ရောက်မှုများ တိုက်ဖျက်ရေးဆိုင်ရာဝန်ကြီးဌာန၊ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ရုရှားနိုင်ငံနျူကလီးယားစွမ်းအင်ကော်ပိုရေးရှင်း(Rosat-om) နှင့် Aquarius ကုမ္ပဏီများအုပ်စုတို့က ပေးပို့သည့် လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများ တင်ဆောင်လာသည့် သယ်ယူပို့ဆောင်ရေး လေယာဉ်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ရောက်ရှိသည်။

စာမျက်နှာ ၅ သို့ ○






## အားကောင်းသောလေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

နေပြည်တော် နိုဝင်ဘာ ၂၄

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာအရှေ့ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ နိုဝင်ဘာ ၂၅ ရက်တွင် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်း၌ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ထို့မှတစ်ဆင့် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ တမီလ်နာဒူးကမ်းခြေ-သီရိလင်္ကာနိုင်ငံကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

## MNL ယူ-၂၀ ပြိုင်ပွဲတွင် ဒဂုံစတား၊ ရန်ကုန်နှင့် သစ္စာအားမာန် အသင်းတို့ အနိုင်ရရှိ

ရန်ကုန် နိုဝင်ဘာ ၂၄

၂၀၂၄ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂၅) ဒုတိယနေ့ကို နိုဝင်ဘာ ၂၄ ရက်က ဆက်လက်ကျင်းပရာ ဒဂုံစတားယူနိုက်တက်၊ ရန်ကုန်ယူနိုက်တက်နှင့် သစ္စာအားမာန်အသင်းတို့ အနိုင်ရရှိသည်။

စာမျက်နှာ ၉ သို့ ❖